The Agribiz News
www.agribiznews.com.mm
လယ်ယာ စီးပွား သတင်း
e-Paper-0050
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်

# ရေချိုပုစွန် သားဖောက်မွေးမြူရာတွင် ဇီဝလုံခြုံရေး အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရေချိုပုစွန် ထုတ်လုပ်မှု တိုးမြှင့်ခြင်း စီမံကိန်း စတင်



နေပြည်တော် ၊ ဇန်နဝါရီ ၂၃

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည့် "ရေချိုပုစွန် သားဖောက်မွေးမြူရာတွင် ဇီဝလုံခြုံရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ရေချိုပုစွန်ထုတ်လုပ်မှု တိုးမြှင့်ခြင်း" စီမံကိန်း စတင်ခြင်းနှင့် ပုစွန်မွေးမြူသည့် အဖွဲ့အစည်းများ၊ ဆက်စပ်လုပ်ငန်းဌာနများပူးပေါင်း ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်နေ့နံနက်ပိုင်းက နေပြည်တော်၊ ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင် က အဖွင့်အမှာစကားပြောကြားရာ၌ ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ငန်းစဉ်များတွင် ရေချိုရေငန် ငါးပုစွန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ၊ ဌာန ပုဂ္ဂလိက နှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများပူးပေါင်း ဆောင်ရွက်ခြင်း နှင့် ငါး ပုစွန် ရောဂါများကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် နိုင်ငံတကာ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ကြောင်း၊

မြန်မာနိုင်ငံတွင် ပုစွန်မွေးမြူဧရိယာဧက စုစုပေါင်း တစ်သိန်း တစ်သောင်းသုံးထောင်ကျော် ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် ရေချိုပုစွန် မွေးကန် ဧရိယာ ဧကငါးထောင်ကျော်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌ ရေချိုပုစွန်သားဖောက် ရုံများ ရှိသကဲ့သို့ အသားတိုး သီးသန့်မွေးမြူနည်းစနစ် (Mono culture)၊ ငါး ပုစွန် ရောနှော မွေးမြူနည်းစနစ် (Poly Culture) ဖြင့် မွေးမြူလျက်ရှိကြောင်း၊

ပုစွန်မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးစနစ် အားနည်းခြင်းကြောင့် ရောဂါ ကျရောက်ခြင်း၊ မျိုးများ သွေးနီးမျိုးစပ်ခြင်းများ ဖြစ်ပေါ်

စာ-၂ သို့

စနစ်သစ်ကျွဲနွားမွေးမြူရေးဖြင့် စားသုံးမှု ပြည်ပတင်ပို့မှု အတွက် ဖြည့်ဆည်းရေး.... စာ-၈

ပဲမျိုးစုံ ပန်းတိုင်အထွက်ရဖို့ရေး အပင်အာဟာရချို့တဲ့မှု ကုစားပေး..... စာ-၁၆



# ရေရှည်တည်တံ့သော မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးလာရေး အားပေးမြှင့်တင်

နေပြည်တော်၊ ဇန်နဝါရီ ၂၅

သဘာဝရေသယံဇာတများ ထိန်းသိမ်းရန် နှင့် ရေရှည်တည်တံ့သော ထုတ်လုပ်မှု ဖြစ်စေရန် ရေချိုရေငန် ငါး ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရေး အတွက် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၅ ရက်နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သည် ဧရာဝတီ တိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကျေးရွာရှိ အာရှသားအင်တာ နေရှင်နယ် ရေချို ငါးပုစွန် ဘက်စုံမွေးမြူရေးလုပ်ငန်း၏ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးဒန်၊ ငါးမုတ်၊ ရွှေဝါငါးကြင်းများ မွေးမြူထားရှိမှုကို ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီး က ငါး ပုစွန် ရောဂါများကာကွယ်ထိန်းချုပ်နိုင်ရေး အတွက် နိုင်ငံတကာ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ချက်များ၊ ပုစွန်ရောဂါ ကျရောက်ပျံ့နှံ့မှုမရှိရေး အတွက် ဇီဝလုံခြုံရေးကို စနစ်တကျလိုက်နာ ကျင့်သုံးရန်နှင့် ပုစွန်မွေးမြူရေး လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာရေး အလေးထားဆောင်ရွက်ရန် လုပ်ငန်းတာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

၎င်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်းတိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ ပဒေသာပင်မြို့တော်ရှိ (BAHO VET ANIMAL HEALTH CARE) တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေး သို့ ရောက်ရှိပြီး ကာကွယ်ဆေးထိုးခြင်း၊ ခွေးလှေးကု သခြင်း၊ သွားသန့်ရှင်းရေး၊ အာထရာ ဆောင်း၊ ဓာတ်မှန်၊ သွေးစစ်ဆေးမှု၊ အရိုးအကြော ခွဲစိတ် ကုသမှု၊ အရေပြားရောင်ရမ်းခြင်းကုသမှု၊ အိမ်မွေးတိရစ္ဆာန်ဟိုတယ်/ဝင်ခွင့် ပိုး သတ်ခြင်းနှင့် ခွဲစိတ်ကုသမှုဝန်ဆောင် ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ဆေးကု ဆရာဝန်များအား တွေ့ဆုံ၍ တိရစ္ဆာန်ဆေးကုဆရာဝန် ကျင့်ဝတ်ကို လေးစားလိုက်နာပြီး နိုင်ငံတော်အပေါ်သစ္စာစောင့်သိကြ ရန်၊ တိရစ္ဆာန် ကူးစက်ရောဂါ ကာ ကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်း များ နှင့် တိရစ္ဆာန်မှ လူသို့ကူးစက် တတ်သည့် ရောဂါများ မဖြစ်ပွားစေ ရေး ပညာပေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့မှတဆင့် ဒုတိယဝန်ကြီး သည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၆ ရှိ ဘက်စုံစိုက်ပျိုး မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံ အတွင်း နို့စားနွား (ဖရီးရှန်) ၁၇၉ ကောင် နှင့် အသားစားနွား (ဘရာ မင်၊ ဖရီးရှန်၊ ပြာစိမ်းနှင့် ရွှေနီ) ၂၄၉ ကောင်မွေးမြူထားရှိမှု၊ ရော်ဘာပင် ၆၇၀၄ ဒသမ ၆၁ ဧက နှင့် မန်ကျည်း ရှားပင်စိုက်ပျိုးထားရှိမှု ၊ တိရစ္ဆာန် အစာပင်များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား ဇီဝလုံခြုံရေး အလေးထား ဆောင်ရွက်ရန်၊ ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံကြရန် မှာကြား သည်။ ထို့နောက် တိရစ္ဆာန်အစာ နှင့် မွေးမြူရေးအထောက်အကူပြု ဆေး ဝါးပစ္စည်းများ ထောက်ပံ့ ပေးအပ်ခဲ့ ကြောင်း သတင်းရရှိသည်။

MOALI

---

မျက်နှာဖုံးမှ-

ပြီး သားပေါက် အထွက်နှုန်း ကျဆင်းခြင်းများ တွေ့ရှိရကြောင်း၊ ရေငန်ပုစွန်များ၌ White Spot Disease၊ ရေချိုပုစွန်၌ white tail disease တို့သည် ပုစွန်မွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးအတွက် အဟန့်အတား တစ်ရပ် ဖြစ်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရေငန်ပုစွန် (ကျားပုစွန်) နှင့် ရေချိုပုစွန်တုပ်ကြီး သားပေါက်ခြင်းလုပ်ငန်း၌ ရောဂါကျရောက်မှုများကြောင့် ဆုံးရှုံးနစ်နာမှုများ၊ ပြည်တွင်း၌ သားပေါက် ထုတ်လုပ်နိုင်မှု နည်းပါးလျက်ရှိသဖြင့် သားပေါက်ရှင်သန်မှု ကောင်းမွန်စေရန် အစိုးရနှင့် ပုဂ္ဂလိက ပိုမိုပူးပေါင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း၊

ဌာနကထုတ်ပြန်ထားသည့် ရေချိုရေငန်ပုစွန် သားဖောက်ခြင်းလုပ်ငန်းများ၌ မျိုးပုစွန်၊ သားပေါက်များကို မဖြစ်မနေရောဂါစစ်ဆေးပြီး ရောဂါမရှိမှသာ သားဖောက်ရန်နှင့် ထုတ်လုပ် ဖြန့်ဖြူးလိုက်သည့် ပုစွန်သားပေါက်များ ရောဂါကင်းရှင်းမှ မွေးမြူသူများထံ ဖြန့်ဖြူးကြရန် ပုစွန်သား ဖောက်လုပ်ငန်းရှင်များနှင့် ပညာရှင်များအား အထူးတိုက်တွန်းမှာကြားလိုကြောင်း၊

မွေးမြူရေးကန်များ၌ မွေးမြူထားသော ငါးပုစွန်များ၏ ရောဂါကျန်းမာရေး အခြေအနေကို စောင့်ကြည့်စစ်ဆေးသည့်အစီအမံ (Aquatic Animal Disease Surveillance Plan) တင်သွင်းနိုင်ငံများ၏ လိုအပ်ချက်များအရ အမျိုးသား ဓါတုဆေးဝါးဓါတ်ကြွင်း စောင့်ကြည့်ထိန်းချုပ်မှု အစီအမံ (National Residue Monitoring Plan – NRMP) များရေးဆွဲ၍ မွေးမြူရေးထုတ်ကုန်များ၌ ရောဂါ ကျရောက်မှုမရှိစေရေးနှင့် ဆေးဝါး ဓါတ်ကြွင်းများပါဝင်မှုမရှိစေရေးအတွက် ဆောင်ရွက်ရန်လိုအပ်သလို ပြုပြင်ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် လုပ်ငန်းများတွင် ကျင့်သုံးလျက်ရှိသည့်စနစ်များကို နည်းစနစ် မှန်ကန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်ပုံမှန်စစ်ဆေးခြင်း၊ နိုင်ငံတကာနှင့် ကုန်တင်သွင်းနိုင်ငံများမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ မြန်မာနိုင်ငံ၏ ရေသတ္တဝါ ရောဂါဖြစ်ပွားမှုစောင့်ကြည့်ရေး ကွင်းဆင်းဆောင်ရွက်မှု အစီအစဉ်အား အစီရင်ခံ တင်ပြနိုင်ရေးအား ပါဝင်ပတ်သက်သူများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေ လိုကြောင်း၊

ယခုစီမံကိန်းသည် ပုစွန်မွေးမြူရေးလုပ်ငန်းတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုး ရရှိနိုင်သကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းနှင့် ဆက်စပ်နေသောဌာနများအတွက် သုတေသနများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် ပုစွန်မွေးမြူရေးလုပ်ငန်းတိုးတက်ရန် အတွက် ကဏ္ဍအလိုက် ချိတ်ဆက်ပြီး သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း ၊ ရရှိလာမည့် သုတေသနရလဒ်၊ နည်းပညာများကို ဖြန့်ဖြူးပေးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများနှင့် စီးပွားဖြစ် မွေးမြူထုတ်လုပ်သူများက ပုစွန်ရောဂါကျရောက်ပျံ့နှံ့မှုမရှိရေးအတွက် ဇီဝလုံခြုံရေး ကောင်းစွာလိုက်နာ ကျင့်သုံးမွေးမြူခြင်း တို့ကို ဆောင်ရွက်ပေးကြပြီး ပုစွန်မွေးမြူရေး လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာရေးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါ ကြောင်း ပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူက စီမံကိန်းဆောင်ရွက်ရခြင်းနှင့် စီမံကိန်းလုပ်ငန်းအစီအစဉ်အား ရှင်းလင်းတင်ပြကြသည်။

၎င်းနောက် ပုစွန်မွေးမြူသည့်အဖွဲ့အစည်းများ၊ ဆက်စပ်လုပ်ငန်းဌာနများပူးပေါင်း ဆောင်ရွက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနား တက်ရောက်လာကြသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက စီမံကိန်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ MOALI

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့်ကျန် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## ညအပူချိန်

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် တို့တွင် ဖေဖော်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

## မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၈ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင် ပြည်နယ်တို့တွင် ၁၀ ရက်မှ၁၇ ရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၂ရက်မှ ၉ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ဆိပ်သာမြို့၊ ဟင်္သာတမြို့ နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင်ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ပေခွဲခန့်၊ စစ်တောင်း မြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ သံလွင်မြစ် ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ် ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်နှင့်ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ၂၀၂၅ ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ ငါးတင်ပို့မှုမှ အသားတင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၈ သန်း ရရှိ

မြန်မာနိုင်ငံသည် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန်အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ပင်လယ်စာများကို ပုံမှန်တင်ပို့လျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ အဆိုအရ ဧပြီ ၁ ရက်နေ့တွင် စတင်သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ပထမ ကိုးလအတွင်း မြန်မာနိုင်ငံသည် ငါး မက်ထရစ်တန်ချိန် ၂၂၇,၀၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၉ သန်း ကျော် ရရှိခဲ့သည်။

မြန်မာနိုင်ငံသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ငါးမက်ထရစ်တန်ချိန် ၁၁၃,၅၀၀ ကျော် တင်ပို့ခဲ့ပြီး ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၅ သန်း ရှိသည်။

အိမ်နီးချင်းနိုင်ငံများသို့ ကုန်းလမ်းနယ်စပ်များမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၆ သန်း တန်ဖိုးရှိသော ငါး မက်ထရစ်တန်ချိန် ၁၁၄,၀၀၀ ကျော်ကို တင်ပို့ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ငါးတင်ပို့မှုသည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လအထိ) တွင် တန်ချိန် ၄၀၀,၀၀၀ ခန့်မှ အမေရိကန်ဒေါ်လာ ၄၂၁ သန်း ရရှိခဲ့သည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဆိုအရ ငါးသလောက်၊ ငါးကြင်း၊ မြစ်ငါးခူ၊ ပင်လယ်ကဏန်း၊ ငါးရှဉ့်၊ ပုစွန်နှင့် ကဏန်းကဲ့သို့သော ရေထွက်ပစ္စည်းများကို ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။



ငါးလုပ်ငန်းအတွက် အအေးခန်းသိုလှောင်ရုံ ၁၄၀ ကျော်ရှိပြီး ဌာနအနေဖြင့် နှစ်စဉ် လိုင်စင် သက်တမ်းတိုးပေးလျက်ရှိကြောင်းသိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/fishery-exports-net-myanmar-us278m-in-apr-dec-2025/



# မြန်မာနှင့် အိန္ဒိယနိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေး ကြိုးပမ်း

နေပြည်တော်၊ ဇန်နဝါရီ ၂၃

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် သည် ဇန်နဝါရီ ၂၂ ရက်နေ့ နေ့လယ်ပိုင်း၂ နာရီ၃ ဝမိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel ၌ အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊အစားအသောက်နှင့်ဖြန့်ဖြူးရေးဝန်ကြီးဌာနမှ Secretary ဖြစ်သူ Smt. Nidhi Khare နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် မြန်မာနှင့်အိန္ဒိယနိုင်ငံအကြား လယ်ယာကဏ္ဍဆိုင်ရာ ကုန်သွယ်မှု တိုးမြှင့် ဆောင်ရွက်ရန်၊ တင်သွင်းမှု မူဝါဒ တည်ငြိမ်စေရေးနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်၊ စပါးကိုအခြေခံသော ပဲ မျိုး စုံ စိုက် ပျိုး ထု တ် လု ပ် မှု ကွင်းဆက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် ၊ အိန္ဒိယမှ အများအပြားဝယ်ယူသော မတ်ပဲနှင့် ပဲစင်းငုံ တို့တွင်ထွက်ကုန်အရည်အသွေး ယှဉ်ပြိုင်နိုင်ရန်နှင့် ပိုးသတ်ဆေး ဓာတ်ကြွင်း နည်းပါးရေးအတွက် ဘက်စုံပိုးမွှားကာကွယ်ရေး နည်းပညာပေး လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက် ပေးနိုင်ရေး ကိစ္စရပ်များ၊ အခြားပဲများနှင့်ပတ်သက်၍ အလားအလာများ မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်ပို့ရောင်းချမှု ရေရှည်တည်တန့်ရေးအတွက် လိုအပ်သည့်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများတွင် ပဲမျိုးစုံသာမက ဂျုံနှင့်ပတ်သက်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများကို သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးမှစ၍ ဈေးကွက်ပို့ဆောင်သည်အထိ ဆောင်ရွက်နိုင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့်အတူ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

MOALI



# ရန်ကုန်တိုင်းဒေသကြီးတွင် ဆောင်းနေကြာ ၂,၀၀၀ ဧက စိုက်ပျိုး

ရန်ကုန် တိုင်းဒေသကြီး တွင် ဆောင်းရာသီ၌ ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုး စိုက်ပျိုးလေ့ ရှိပြီး ယခုရာသီတွင် ဆီထုတ်လုပ်ရန်အတွက် နေကြာစိုက်ပျိုးမှုသည် တိုင်းအတွင်းရှိ ခရိုင် ၇ ခု တွင် စုစုပေါင်း ၂,၀၀၀ ဧကခန့်စိုက်ပျိုးလျက်ရှိသည်။

ယခင်နှစ်က နေကြာစိုက်ပျိုးရန် ၁၀,၉၆၉ ဧက အထိ လျာထားခဲ့ပြီး ၄,၅၀၀ ဧက အောင်မြင်စွာ ရိတ်သိမ်းနိုင်ခဲ့သည်။ ယခုဆောင်းရာသီတွင် ဇန်နဝါရီလအစောပိုင်းအထိ နေကြာစိုက်ဧက ၂,၀၀၀ ခန့်ရှိလာသည်။ မြေပဲ၊ နှမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲနှင့် ပဲနီလေး အပါအဝင် ပဲမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိပါသည်။ အဆိုပါတိုင်းဒေသကြီးသည် အဓိကအားဖြင့် ဆန်စပါးကို စိုက်ပျိုးသော်လည်း တိုင်းအတွင်းဖူလုံမှုရှိစေရေးနှင့် တင်ပို့မှု တိုးမြှင့်ရန်အတွက် သီးနှံအချို့ကို လည်းစိုက်ပျိုးလျက်ရှိသည်။

"နေကြာမျိုး ၂ မျိုးအနက် ရေဆင်းစပ်မျိုး-၁ နှင့် ဆင်းရွှေကြာ-၂ မျိုးကို အများအားဖြင့် စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေနှင့် ဓာတုဆေး အကြွင်းအကျန်များ မရှိစေရေး စိုက်ပျိုးရေး အသိပညာပေးခြင်းနှင့် ဓာတုဆေးသုံးစွဲမှုနည်းလမ်းများကို လက်တွေ့ကျင့်သုံးနိုင်ရန် သီးနှံကာကွယ်ရေး ဌာနခွဲမှ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မျိုးစေ့ ထုတ်လုပ်ရေး လုပ်ငန်းများနှင့် စမ်းသပ်ကွက်စံပြကွက်စိုက်ခင်းများ ဆောင်ရွက်နိုင်ရန် ဆောင်းသီးနှံများကို အဆက်မပြတ်စိုက်ပျိုးလျက်ရှိပါသည်" ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဥရောပဈေးကွက်အတွက် သတ်မှတ်ထားသော ပဲတီစိမ်းကို အဓိကအားဖြင့် သန်လျင်ခရိုင် တွင် စိုက်ပျိုးပါသည်။ တိုက်ကြီးခရိုင်သည် မတ်ပဲ အဓိကစိုက်ပျိုး ထုတ်လုပ်ရေး ဒေသ ဖြစ်သည်။ ဒဂုံမြို့သစ်၊ သန်လျင်၊ တွံတေး၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးနှင့် မင်္ဂလာဒုံခရိုင်များတွင်လည်း နေကြာစိုက်ပျိုးမှု ရှိကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/yangon-region-possesses-2000-acres-of-winter-sunflower-cultivation/#article-title

Agribiz News www.agribiznews.com.mm သတင်း
agribiznews.com.mm

| | | |
|---|---|---|
| တာဝန်ခံအယ်ဒီတာ | - | ထွန်းသက်ပိုင် |
| အယ်ဒီတာအဖွဲ့ဝင်များ | - | ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း) |
| ထုတ်ဝေသူ | - | ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀) |
| လိပ်စာ | - | ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် |
| ဖုန်း | - | ၀၆၇ ၃၄၁၀၁၄၂ |

# ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲပထမအဆင့် အထက်ဘက်ပိုင်း၏အပိုင်း (၂) ဆောင်ရွက်နေမှု တမံကြံ့ခိုင်မှု ရေဝင်ရောက်မှုနှင့် ရေသိုလှောင်မှု အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ ဇန်နဝါရီ ၂၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၅ ရက်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲပထမအဆင့် အောက်ဘက်ပိုင်း၏ အပိုင်း(၁)ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးခဲ့မှု အခြေအနေနှင့် ယခုပွင့်လင်းရာသီတွင် ရေပိုလွှဲပထမအဆင့် အထက်ဘက်ပိုင်း၏ အပိုင်း(၂)ပြုပြင်ဆောင်ရွက်နေမှု၊ပေါင်းလောင်းတမံ ကြံ့ခိုင်မှုအခြေအနေများ၊ ရေဝင်ရောက်မှု အခြေအနေနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများက ရေပိုလွှဲ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ ပေါင်းလောင်း ရေလှောင်တမံကြံ့ခိုင်မှု အခြေအနေများ၊ ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေရန် ဆောင်ရွက် ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ပြီး ပုံမှန်တင်ပြကြရန်၊ နွေစပါးနှင့်နွေအခြားသီးနှံ လျာထားစိုက်ဧကများအတိုင်း လုံလောက်စွာ စိုက်ပျိုးရေပေးဝေနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်နှင့် အခြားနည်းပညာပိုင်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။



ပေါင်းလောင်းရေလှောင်တမံ ရေပိုလွှဲပထမအဆင့် အောက်ဘက်ပိုင်း၏ အပိုင်း(၁) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း တစ်ခုလုံးအနေဖြင့် ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအား ဖေဖော်ဝါရီလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပေါင်းလောင်းတမံ ရေသောက်စနစ်အနေဖြင့် နွေစပါး ၉၁၄၁ ဧက၊ နွေအခြားသီးနှံ ၂၅ ဧက စုစုပေါင်း ၉၁၆၆ ဧကအား စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့မှတဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ နေပန်-လပန် စက်မှုလယ်ယာ စနစ်ကျလယ်မြေအနီးရှိ နရာဘန်ချောင်းပေါင်အား ၂၀၂၅ ခုနှစ် မိုးရာသီ ရေကြီးရေလျှံမှုကြောင့် ရေတိုက်စားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အပေါ် ချောင်းပေါင်၏ အားနည်းသည့် အပိုင်းများကို ကျောက်ဖြည့်မြေထိန်းနံရံဖြင့် ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ နရာဘန်ချောင်းမှ ယာယီချောင်းပိတ် ၂ ခု ဖြင့် နွေစပါးနှင့် နွေအခြားသီးနှံ စတင်စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့် ရေဆင်းရေလှောင်တမံ၏ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံ လျာထား ၇၄၂၆ ဧက အနက် လက်ယာ (၂) မိုင်နာ (၃) မြောင်း ၁၄၈ ဧက စိုက်ပျိုးရေစတင်ပေးဝေမှု အခြေအနေနှင့် ကျန်နွေစပါးနှင့် နွေအခြားသီးနှံ လျာထား ဧကများအားစိုက်ပျိုးရေပေးဝေရန် ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးမှ ကျောက်ဖြည့်မြေထိန်း နံရံများအား ရေတိုက်စားမှုခံနိုင်ပြီး ရေရှည်ခိုင်ခံ့ကောင်းမွန်အောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေကို အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိစွာသုံးစွဲကြရန်၊ ရာသီအလိုက် သီးထပ် ၃ သီး စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ နရာဘန်ယာယီချောင်းပိတ်အမှတ် (၁) မှ ၁၄၆ ဧကနှင့် ယာယီချောင်းပိတ်အမှတ် (၂) မှ ၁၀၈ ဧက စုစု ပေါင်း ၂၅၄ ဧကအား နွေစပါးနှင့် နွေအခြားသီးနှံအတွက် ဇန်နဝါရီ ၁၅ ရက်နေ့မှစ၍ စိုက်ပျိုးရေ စတင်ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ ကျောင်းသား၊ ကျောင်းသူများ၏ အပန်းဖြေရိပ်သာ (Recreation Center) စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေ၊ စိုက်ပျိုးရေး တက္ကသိုလ် ဘောလုံးကွင်း၏ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်း အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချက်စံနှုန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး၊ ရေရှည်တည်တံ့ ကောင်း မွန်စေရေး အထူးအလေးထား ဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

စာ-၆ မှ

ကြောင်းများ တိုးချဲ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အားလပ်ရက်ကာလအလယ်ပိုင်းတွင် ကြက်သွန်နီအတွက် အများဆုံးခန့်မှန်းလက်လီဈေးနှုန်းကိုလည်း သတ်မှတ်ပေးခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာနက ဈေးနှုန်းများ တည်ငြိမ်လာမည်ဟု မျှော်လင့်ထားသော်လည်း လောင်စာဆီကုန်ကျစရိတ်နှင့် ရာသီဥတုအခြေအနေများကဲ့သို့သော ပြင်ပအချက်များသည် ဈေးကွက် အခြေအနေအပေါ် ဆက်လက်သက်ရောက်မှုရှိနိုင်ကြောင်း ဖော်ပြခဲ့သည်။ သို့သော်လည်း ရိတ်သိမ်းချိန်ကာလစတင်ခြင်းသည် ဈေးနှုန်းများ တဖြည်းဖြည်း တည်ငြိမ်လာရန် အထောက်အကူပြုမည်ဟု မျှော်မှန်းထားသည်။

အာဏာပိုင်များက ကြက်သွန်နီဖြည့်ဆည်းပေးနိုင်မည့် ပမာဏကို ဆက်လက်စောင့်ကြည့်နေပြီး ဈေးနှုန်းများ လိုသလိုခြယ်လှယ်ခြင်းကို တားဆီးရန်နှင့် တစ်နိုင်ငံလုံးရှိ ဈေးကွက်များသို့ ကြက်သွန်နီများ ပုံမှန်စီးဆင်းရောက်ရှိစေရန် ထိန်းချုပ်မှုများ ဆက်လက် တည်ရှိနေကြောင်း ကြေညာခဲ့သည်ကို သိရှိရပါ သည်။

**အေးအေးခိုင်**

https://www.freshplaza.com/asia/article/9801608/philippine-onion-prices-ease-as-january-harvest-begins/

# အိန္ဒိယ၏ စံချိန်တင် ဆန်စပါးထွက်ရှိမှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိ

အိန္ဒိယတောင်သူများသည် ယခုနှစ်တွင် ဆန်စပါးများကို စံချိန်တင် ပိုမိုရိတ်သိမ်းနိုင်မည်ဖြစ် သောကြောင့် ယင်းအခြေအနေသည် ရိက္ခာဖူလုံနေပြီးသားဖြစ်သော ကမ္ဘာ့ဆန်ဈေးကွက်အတွင်းသို့ ဆန်အမြောက်အမြား ထပ်မံရောက်ရှိလာစေပြီး မူလဈေးနှုန်းများအပေါ် ပိုမိုဖိအားဖြစ်စေကာ ဈေး နှုန်းများ ဆက်လက်ကျဆင်းသွားဖွယ်ရှိနေကြောင်း သိရှိရသည်။ ဆန်ဝယ်လိုအားကျဆင်းနေချိန်နှင့် အဓိကဝယ်ယူနေသည့်နိုင်ငံအချို့က သွင်းကုန်စည်းမျဉ်းများကိုတင်းကြပ်ထားချိန်တွင် အိန္ဒိယတောင်သူများ အနေဖြင့်ဤဈေးနှုန်းကျဆင်းမှုဒဏ်ကို အဆိုး ရွားဆုံး ခံစားရနိုင်ကြောင်းနှင့် ကမ္ဘာ့အကြီးဆုံး ဆန်ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများသည် ထိုင်းနှင့် ဗီယက်နမ်ကဲ့သို့သော ပြိုင်ဘက်နိုင်ငံများကို ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ဆန်ဈေးနှုန်းများကိုမဖြစ်မနေလျှော့၍ရောင်းချရမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။ ယခုအချိန်တွင် အိန္ဒိယ၌ ဆန်များစွာ ပိုလျှံနေသည့်အတွက် ဝယ်မည့်သူများက ချက်ချင်း မဝယ်သေးဘဲ ရောင်းမည့်သူများအား မည်သည့်အချိန်အထိ စောင့်နိုင်မည်ဆိုသည်ကို စမ်းနေကြ ကြောင်း Olam India ၏ ဒုတိယမန်နေဂျင်းဒါရိုက်တာ Nitin Gupta က ပြောကြားခဲ့သည်။ သောကြာနေ့က Raipur တွင် ပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံတကာ ဆန်စပါးထိပ်သီးအစည်းအဝေးတွင် ၎င်းကဆန်အဓိကထွက်ရှိသည့် နိုင်ငံများ၌လည်း အရန်ဆန်များ စုမိနေသောကြောင့် ကမ္ဘာ့ဆန်ဈေးမှာ ဆက်ပြီး ကျရန်သာရှိကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယ၊ စိုက်ပျိုးရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၆ ရာသီ၌ မိုးစပါးထွက်နှုန်းသည် တန်ချိန် ၁၂၄ ဒသမ ၅ သန်းအထိ ရှိခဲ့ပြီး စံချိန်တင် အထွက်တိုးခဲ့ကြောင်း၊ မိုးစပါးကို ပုံမှန်အားဖြင့် ဇွန်နှင့် ဇူလိုင် လများတွင် စိုက်ပျိုးကြကြောင်း၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ အဝယ်အေးနေသောကြောင့် အိန္ဒိယဆန်ဈေးသည် ယခုလက်ရှိ တစ်တန်လျှင် ဒေါ်လာ ၃၅၀ ဝန်းကျင်မှ လာမည့် မတ်လ သို့မဟုတ် ဧပြီလလောက်တွင် ၁၅ ဒေါ်လာ မှ ၂၅ ဒေါ်လာ ခန့်အထိ ကျဆင်းသွားနိုင်ကြောင်း Nitin Gupta ကဆက်လက်ပြောကြားခဲ့သည်။

အာရှ၏ စံသတ်မှတ်ထားသော ဆန်ဈေးနှုန်းများသည် ထိုင်းနိုင်ငံဘက်မှ ဆန်တင်ပို့မှု လျော့ကျသွားနိုင်သည်ဆိုသော ခန့်မှန်းချက်များကြောင့် အောက်တိုဘာ လကုန်ပိုင်း၌ ၁၀ နှစ်တာအတွင်း အနိမ့်ဆုံးအဆင့်မှ ၂၀ ရာခိုင်နှုန်းကျော် ပြန်တက်လာခဲ့သော်လည်း၊ ယခုအပတ်ထဲတွင် ဒီဇင်ဘာ ၂၄ ရက်ကထက် ၄ ရာခိုင်နှုန်းကျော် ပြန်ကျသွားခဲ့ကြောင်း၊ ထို့အပြင် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားကဲ့သို့ ဆန်အမြောက်အမြား ဝယ်ယူနေသည့်နိုင်ငံများက တင်သွင်းမှုများကို ကန့်သတ်လိုက်သည့်အတွက် အာရှနိုင်ငံများ၏ စပါးစိုက်တောင်သူများကို အခက်တွေ့စေခဲ့ကြောင်း သိရှိရသည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစီရင်ခံစာတွင် အိန္ဒိယ၌ စပါးစိုက်ပျိုးမှု အားကောင်းခဲ့သောကြောင့် ၂၀၂၅-၂၆ ရာသီတွင် တစ်ကမ္ဘာလုံး၏ ဆန်ထွက်နှုန်းသည် တန်ချိန် ၅၅၈ ဒသမ ၈ သန်းအထိရှိပြီး စံချိန်သစ်တင်လိမ့်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ယခုကဲ့သို့ အထွက်နှုန်း အဆမတန်များလာသောကြောင့် ကမ္ဘာ့အရန်ဆန် စုဆောင်းထားရှိမှု ပမာဏသည်လည်း အမြင့်ဆုံး စံချိန်သစ်ကို ရောက်သွားနိုင်ကြောင်းသိရှိရသည်။

မျိုးမြင့်မောင်

India's record rice crop is set to deepen slide in global prices, The Economic Times, Jan 10, 2026.



# ဖိလစ်ပိုင်တွင် ကြက်သွန်နီရိတ်သိမ်းရာသီစတင်သည်နှင့် ဈေးနှုန်းများတည်ငြိမ်လာမည်ဟု ခန့်မှန်း

ဖိလစ်ပိုင်နိုင်ငံတွင် ကြက်သွန်နီဈေးများသည် ရိတ်သိမ်းချိန်ရောက်ရှိလာ ပြီး ဒေသဈေးကွက် များသို့ စ တ င် ရော က် ရှိ လာ သ ကဲ့ သို့ ဇန်နဝါရီလမှစတင်၍ ကြက်သွန်နီဈေးနှုန်းများ တည်ငြိမ်လာမည်ဟု မျှော်လင့်ရသည်။ ယခုချိန်ထိ အမြင့်ဈေးနှုန်းဖြင့် ရက်သတ္တပတ်များစွာဖြစ် လျက်ရှိ ပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ အရှေ့ဗီဆာ ယား ဒေ သ အ စီ ရ င် ခံ စာ အ ရ MIMAROPA နှင့် Ilocos ဒေသကဲ့သို့သော အဓိကထုတ်လုပ်သည့်ဒေသများမှ အသစ်ထွက်ရှိလာမည့် ကြက်သွန်နီများသည် မကြာသေးမီက ကြုံတွေ့ခဲ့ရသော ကြက်သွန်နီပြတ်တောက်မှုကို သက်သာစေမည်ဟု ခန့်မှန်းရ သည်။ ယခုကဲ့သို့ ပြတ်တောက်မှုများမှာ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ရာသီဥတုဆိုင်ရာ အကြောင်းအရင်းများနှင့် ပို့ဆောင်ရေး ကုန်ကျစရိတ် မြင့်မားခြင်းတို့နှင့် ဆက်စပ်နေသည်။



ကြက်သွန်နီထုတ်လုပ်မှုပမာဏ တိုးတက်လာသည်နှင့်အမျှ ဈေးကွက်အရောင်းအဝယ်ပြုသူ များက ရောင်းအားနှင့် ဝယ်အား ပိုမိုမျှတလာမည်ဟု မျှော်လင့်ကြသည်။ DA-8 ၏ အမှုဆောင် Imelda G. Cantoneros က "ဇန်နဝါရီလ ရိတ်သိမ်းမှုစတင်လာပြီး နောက် ဈေးနှုန်းများ တဖြည်း ဖြည်း ပုံမှန်အတိုင်းပြန်ဖြစ်လာမည်" ဟု ပြောကြားခဲ့သည်။

ဈေးကွက်ရောင်းဝယ်သူများသည် မကြာသေးမီက ဈေးနှုန်းမတည်ငြိမ်မှုများသည် ကုန်သွယ်ရေးလုပ်ငန်းဆောင်တာများနှင့် အိမ်ထောင်စုအသုံးစရိတ်ပုံစံများကို ထိခိုက်ခဲ့ကြောင်း ဖော်ပြခဲ့ကြပြီး စားသုံးသူများကလည်း ကြက်သွန်နီဈေးနှုန်း ပိုမိုတည်ငြိမ်မှုရှိခြင်းဖြင့် အကန့်အသတ်ဖြစ်နေသော အစားအသောက်အတွက် ကုန်ကျစရိတ်စုစုပေါင်းကို ကူညီနိုင်မည်ဟု မျှော်လင့်ခဲ့ကြသည်။

ဒီဇင်ဘာလအတွင်း ကြက်သွန်နီဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် ဖိလစ်ပိုင်ပီဆို ၇၀၀ အထိ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၀ ခန့်) မြင့်တက်ခဲ့သည်။ ဈေးနှုန်းတက်ခြင်းသည် အားလပ်ရက်ကာလ အတွင်း ဝယ်လိုအားမြင့်တက်ခြင်း၊ ရာသီဥတုဆိုင်ရာ အကြောင်းများကြောင့် ကုန်ထုတ်လုပ်မှု ဆုံးရှုံးခြင်း၊ ဈေးကွက်တွင်း ကြက်သွန်ဖြည့်ဆည်းပေးရေး အခက်အခဲများနှင့် တိုက်ဆိုင်ခဲ့သည်။ အလားတူဈေးတက်မှုကို ထိုကာလအတွင်း အခြားသော စိုက်ပျိုးထုတ်ကုန်များတွင်လည်း တွေ့ရှိ ရပါသည်။

ဤအခြေအနေကို တုံ့ပြန်သည့်အနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနက ဈေးကွက်စောင့်ကြည့်ခြင်းကို တိုးမြှင့်ခြင်း၊ ထုတ်လုပ်မှုအရှိန်မြှင့်တင်ခြင်း၊ လက်ရှိသိုလှောင်ထားသည့် ကြက်သွန်နီများကို ဈေးကွက်ထဲသို့ ထုတ်ပေးခြင်းနှင့် ဖြန့်ဖြူးရေးလမ်း

စာ-၅ သို့

# ၂၀၂၇ ခုနှစ်တွင် နာနတ်သီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၅ သန်း ထိ ရရှိရန် မလေးရှား မျှော်မှန်းထား

မလေးရှားအစိုးရသည် တန်ဖိုးမြင့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်နေသောကဏ္ဍအားကောင်းလာစေရန် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၂၀၂၇ ခုနှစ်တွင် နာနတ်သီး တင်ပို့မှုမှဝင်ငွေ ရင်းဂစ် ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၂၅ သန်း) အထိ မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။



နာနတ်သီးလုပ်ငန်းသည် ခေတ်မီ လယ်ယာစီမံခန့်ခွဲမှုအလေ့အကျင့်များကို အသုံးပြုခြင်းဖြင့် တစ်လလျှင် တစ်ဟတ်တာမှ ရင်းဂစ် ၉,၀၀၀ ဝန်းကျင် (အမေရိကန်ဒေါ်လာ ၁,၉၁၅ ခန့်) ရရှိနိုင်သည့်အလားအလာရှိကြောင်း စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာန ၏ ဒုတိယဝန်ကြီး Datuk Chan Foong Hin က ပြောကြားသည်။

၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၏ နာနတ်သီးတင်ပို့မှုမှာ အရှေ့အလယ်ပိုင်း၊ တရုတ် နှင့် ဥရောပနိုင်ငံများရှိ ဈေးကွက်များသို့ တန်ချိန်အားဖြင့် စုစုပေါင်း ၇၆,၀၀၀ တန်၊ တန်ဖိုးအားဖြင့် ရင်းဂစ် ၁.၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၉၈ သန်း) အထိ ရောက်ရှိခဲ့သည်။ နယူးဇီလန်ကဲ့သို့သော နိုင်ငံများသို့ပါ ဆက်လက်၍ တိုးချဲ့တင်ပို့ရန် မျှော်မှန်းထားကြောင်း ဒုတိယဝန်ကြီးမှ ပြောကြားသည်။

Sungai Gumut ရှိ MD2 နာနတ်စိုက်ခင်းစီမံကိန်းသို့ လေ့လာရေးခရီးသွားရောက်ခြင်းသည် နာနတ်သီး လုပ်ငန်း ဖွံ့ ဖြိုး တိုး တ က် မှု အား ကောင်းလာစေရန် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများထဲမှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ၂၀၂၇ ခုနှစ်တွင် နာနတ်သီးတင်ပို့မှုမှ ဝင်ငွေပမာဏအား ရင်းဂစ် ၂ ဘီလီယံအထိ ဆက်လက်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရည်ရွယ်ထားကြောင်း Sungai Gumut နာ န တ် သီး စု ဆော င်း ရေး ဌာ န သို့ အလုပ်သဘောလေ့လာရေး ခရီးစဉ်ပြီးနောက်တွင် သတင်းထောက် များအား ပြောကြားသည်။

MD2 စီမံကိန်းအား Premium Pineapple Sdn Bhd ကုမ္ပဏီမှ ဆောင်ရွက်ခဲ့ပြီး ဧရိယာအနေဖြင့် စုစုပေါင်း ၁၀၉ ဒသမ ၂၆ ဟက်တာခန့် ကျယ်ဝန်းပါသည်။ လက်ရှိ စိုက်ပျိုးမှုမှာ ၁၆ ဟက်တာခန့်ရှိပြီး နာနတ်ပင်ပေါင်း ၇၄၀,၄၃၂ ခန့် ရှိပြီး ရှင်သန်နှုန်းမှာ ၉၇ ရာခိုင်နှုန်း အထက် ရှိပါသည်။

အဆိုပါခရီးစဉ်သည်စုဆောင်း၊ ထုတ်လုပ်၊ ထုတ်ပိုးမှုစင်တာတစ်ခုအတွက် အခြေခံအုတ်မြစ်ချ ပွဲ အ ခ မ်း အ နား လ ည်း ဖြ စ် ပါ သ ည်။ အဆိုပါစင်တာသည် စိုက်ပျိုးထုတ်လုပ်သည်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည်အထိ နာနတ်သီးတန်ဖိုးကွင်းဆက်အား ထောက်ပံ့ရန် ရည် ရွယ်ပါသည်။

နာနတ်သီးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအား အထောက်အပံ့ပေးရန် မလေးရှား နာနတ်သီး လုပ်ငန်း ဘုတ်အဖွဲ့သည် ရန်ပုံငွေအဖြစ် နာနတ်ပျိုးပင်များနှင့် စိုက်ပျိုးရေးသွင်းအားစု များအတွက် ရင်းဂစ် ၂၂၁,၈၀၀ (အမေရိကန်ဒေါ်လာ ၄၇,၂၀၀ ဝန်းကျင်) နှင့် သိုလှောင်ရုံ အတွက် ရင်းဂစ် ၃၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆,၃၈၀ ခန့်) အား ထောက်ပံ့ခဲ့သည့်အပြင် နည်းပညာများလည်း ပံ့ပိုးပေးခဲ့ပါသည်။ Inisiatif Pendapatan Rakyat နှင့် Agropreneur Muda ကဲ့သို့သော ရပ်ရွာ လူထုနှင့် လူငယ်များကို ဦးတည်သည့် ထပ်တိုးအစီအစဉ်များ ပါဝင် ပါသည်။

၂၀၂၆ ခုနှစ်တွင် ဘုတ်အဖွဲ့သည် ဆီလန်ဂေါတွင် ဟက်တာ ၄၉ ကျယ်ဝန်းသော ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခုအား ရင်းဂစ် ၁ ဒသမ ၃ သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၇၇,၀၀၀) ဖြင့် ထပ်မံ ဆောင်ရွက်ရန် စီစဉ်ထားပြီး လုပ်ငန်းရှင် ၂၆ ဦးအား ပါဝင်ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။ ပြီးခဲ့သည့်နှစ်တွင် Agropreneur NextGen ဟု အမည်ပြောင်းထားသော Agropreneur Muda ရန်ပုံငွေမှတဆင့် ရင်းဂစ် ၁၈၀,၀၀၀ (အမေရိကန်ဒေါ်လာ ၃၈,၃၀၀ ဝန်းကျင်) အား ဆီလန်ဂေါပြည်နယ်ရှိ လူငယ်တောင်သူများအား ဖြန့်ဝေပေးခဲ့ပါသည်။

ဗဟိုအစိုးရနှင့် ဆီလန်ဂေါအစိုးရတို့သည် နာနတ်သီးလုပ်ငန်းကို ရေရှည်ဖွံ့ဖြိုးတိုး တက်စေ ရန်နှင့် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုအား ခိုင်မာစေရန် LPNM နှင့် ပုဂ္ဂလိကကဏ္ဍတို့ နှင့် မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**နွေးနွေးအောင်**

https://www.freshplaza.com/asia/article/9801453/malaysia-targets-us-425m-pineapple-exports-by-2027/

စာ-၁၃ မှ

### ဂျုံနှင့် အစေ့ထုတ်ပြောင်း ဈေးကွက်

မြင်းမူ၊ ဆားတောင်၊ မုံရွာ၊ ဘုတလင်၊ မြောင်တို့မှ ထွက်ရှိသော ဂျုံများမှာ အသစ်ဝင်ချိန်နီး၍ လှောင်သမားနှင့် တောင်သူများ ထုတ်ရောင်း မှုရှိခြင်း ဂျုံစက်များ အဝယ်နည်းခြင်းကြောင့် အရည်အသွေးအကောင်းဆုံး ၃ တင်းတစ်အိတ် ၂၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ရှမ်းဂျုံအသစ်များ ဝင်ရောက်မှုရှိခြင်းကြောင့် အရည်အသွေးကောင်းခြင်း၊ တစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၂၀၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကလေးဂျုံ ၂၀၀၀၀၀ ကျပ်၊ အထွက်တိုးဂျုံ ၁၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

အစေ့ထုတ် အသစ်များဝင်ရောက်မှုရှိသော်လည်း တိရိစ္ဆာန်အစာစပ်သမားများ အဝယ်ပုံမှန်ရှိခြင်း၊ လှောင်သမားများဝယ်ယူမှုရှိခြင်းကြောင့် ယခင်အပတ် ၃ တင်းတစ်အိတ် ၇၂၀၀၀ ကျပ်မှ ယခုအပတ် အရည်အသွေးပေါ်မူတည်၍ ၇၄၀၀၀ ကျပ်မှ ၇၆၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

### သစ်သီးဝလံနှင့် ဟင်းသီး/ရွက်များ ဈေးကွက်

မုံရွာ၊ ချောင်းဦးမှ ဖရဲသီးများအဝင်များပြီး အရည်အသွေးပေါ်မူတည်၍ တစ်လုံး ၁၅၀၀ ကျပ်မှ ၃၅၀၀ ကျပ်၊ မန္တလေးဝန်းကျင်မှ ရွှေသခွားတစ်လုံး ၂၀၀၀ မှ ၃၅၀၀ ကျပ်၊ ထောပတ်ပဲ ၁၂၀ လုံးပါ တစ်အိတ် ၃၅၀၀၀ကျပ်၊ ရမည်းသင်း စပျစ်သီး(ဒေသသီး)တစ်ပိဿာ ၁၅၀၀၀ ကျပ်၊ အာဂျီအလုံးကြီး တစ်ပိဿာ ၃၂၀၀၀ ကျပ်၊ သီပေါနာနတ်သီးများ လက်ကျန်အရည်သွေးညံ့သွားသောကြောင့် တစ်လုံး ၁၀၀၀ ကျပ်၊ သဘောသီးတစ်လုံး ၁၅၀၀မှ ၃၀၀၀ ကျပ်ဖြင့် မန္တလေးဝန်းကျင်မြို့များမှ လာရောက်ဝယ်ယူခြင်း တောင် တွင်းကြီး၊ အောင်လံ၊ ပြင်ဦးလွင်၊ ပခုက္ကူသို့ တင်ပို့ခြင်း၊ မြို့တွင်းလက်လီဆိုင်များ ပုံမှန်ဝယ်ယူခြင်းဖြင့် ရောင်းဝယ်နေသည်။

ရှမ်းတောင်ခရမ်းချဉ်များ ရာသီကုန်ဝင်ရောက်မှုမရှိတော့ဘဲ မုံရွာ (တရုတ်-တိုင်ပေ)များသာ ဝင်ရောက်မှုရှိခြင်းကြောင့် တစ်ပိဿာ ၄၀၀၀ ကျပ်ဖြင့် မြို့တွင်းဝယ်ယူမှုရှိပြီး အဝေးတင်ပို့မှု နည်းနေသည်။ ငရုတ်စို(ရှည်)များ လမ်းပန်းဆက်သွယ်ရေးအရ အဝင်နည်းခြင်းကြောင့် ရာသီဥတုကြောင့် အလှနည်းသော်လည်း တစ်ပိဿာ ၅၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်၊ ငရုတ်စို(လတ်)တစ်ပိဿာ ၆၀၀၀ မှ ၇၀၀၀ ကျပ် ဈေးဖြင့် မြို့တွင်းသုံးလုပ်ငန်းသမား၊ ငပိထောင်း၊ လက်ဖက်သမားများ အဝယ်များနေသည်။ ဆောင်းကာလဖြစ် ၍ ပန်းမုံလာတစ်ပွင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀၀ မှ ၁၅၀၀ ကျပ်၊ ဂေါ်ဖီတစ်ထုတ် ၁၅၀၀ မှ ၂၀၀၀ ကျပ်၊ ဘိုစားပဲတစ်ပိဿာ ၄၀၀၀ ကျပ်ဖြင့် စားသောက်ဆိုင်များနှင့်မြို့တွင်းလက်လီဆိုင်များ ပုံမှန်ဝယ်ယူမှုရှိသည်။

**ခင်မေကြည်**

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

မြန်မာ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များလေ့လာခြင်း - အပိုင်း ၃

# စနစ်သစ်ကျွဲနွားမွေးမြူရေးဖြင့် ပြည်တွင်းလိုအပ်ချက်ဖူလုံစေပြီး ပြည်ပ တင်ပို့နိုင်ရေး ဆောင်ရွက်ကြပါစို့

ရဲထွန်းဝင်း

၁။ နိဒါန်း

နိုင်ငံခြား ဝင်ငွေရရှိရေးအတွက် ပြည်တွင်းမှတင်ပို့နိုင်သောပို့ကုန်များနှင့် ပြည်ပဈေးကွက်မှ ဝယ်ယူလိုသော ကုန်စည်များတွင် မြန်မာ့ကျွဲနွားသည် ဈေးကွက်လိုအပ်ချက်အရ ထိပ်ဆုံးမှပါဝင်နေပါသည်။ ပြည်ပမှကျွဲနွားဝယ်ယူရေးဆိုင်ရာ သဘောတူညီချက်များ ဆောင်ရွက်ထားပြီးလည်းဖြစ်ပါသည်။ သက်ရှိမျိုးပွားနိုင်သော ထုတ်ကုန်ဖြစ်သဖြင့် ဈေးကွက်လိုအပ်ချက်အလိုက် ရှိရင်းစွဲအပေါ်တွင် အခြေခံပြီး စနစ်တကျ မျိုးပွားထုတ်လုပ်ပြီး ပြည်တွင်းလိုအပ်ချက်၊ လုပ်အား၊ ရိုးရာယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်၊ စားသုံးမှုဖူလုံစေခြင်း တို့အပေါ်အခြေခံပြီး ပြည်ပတင်ပို့နိုင်ရေးကို အရေး တကြီး ဆောင်ရွက်ရန် အလိုအပ်ဆုံးအချိန် ဖြစ်ပါသည်။ ဈေးကွက်လည်းရှိသည်၊ ကုန်ပစ္စည်းလည်းရှိသည်၊ စနစ်တကျ ထုတ်လုပ်မှု ဆောင်ရွက်ရန် လိုအပ်ပါသည်။ စနစ်သစ်မွေးမြူထုတ်လုပ်ရေးသို့ ပြောင်းလဲဆောင်ရွက်ရပါမည်။ ဒေသအလိုက်ထုတ်လုပ်နိုင်မှု စွမ်းအားနှင့်အမှန်တကယ်ထုတ်လုပ်နိုင်မှုကိုအခြေခံပြီး ရေရှည်အကျိုးအမြတ်ဖြစ်ထွန်းစေမည့် ကျွဲနွားမွေးမြူထုတ်လုပ်မှုအတွက် ဒေသအလိုက် တိရစ္ဆာန်အစာထုတ်လုပ်မှုဖွံ့ဖြိုးရေးနှင့် မျိုးမြှင့်တင်ရေး ဆောင်ရွက်ရပါမည်။

## ၂။ လက်ရှိအခြေအနေ

၂၀၂၃-၂၀၂၄ တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် နွားစုစုပေါင်း ၉ ဒသမ ၈ သန်းခန့် ရှိပါသည်။ ပြည်တွင်းဒေသအသားစားနွား ၃၀ ရာခိုင်နှုန်းခန့်ရှိရာ ပျော်ဘွယ်၊ မြင်းခြံ နှင့် ရွှေဘို ဒေသတွင် အများစုရှိကြပါသည်။ ပြည်တွင်းနို့စားနွား ၁ ရာခိုင်နှုန်းခန့်ရှိပါသည်။ နိုင်ငံခြားမြန်မာမျိုးစပ်နွားဖြစ်ပြီး ဖရီရှန်မျိုးအများစုနှင့် ဂျာဆီမျိုး အနည်းငယ် ဖြစ်ပါသည်။ ပြည်ပသို့ အသားစားနွား တရားဝင်တင်ပို့ခြင်းဆောင်ရွက်ခဲ့ရာ အများစုမှာ တရုတ်နိုင်ငံသို့ တရားမဝင် တင်ပို့ကြပါသည်။ ကျွဲနွားများအတွက် အခြေခံအစာမှာ သဘာဝမြက်နှင့် ကောက်ပဲသီးနှံ ဘေးထွက်များ (ကောက်ရိုး၊ ပြောင်းရိုး)၊ စက်မှုထုတ်ကုန်များ (ဖွဲ၊ ဆီကြိတ်ဖတ်များ) ဖြစ်ပါသည်။ အခက်အခဲများမှာ ရာသီ အလိုက် တိရစ္ဆာန်အစာ ရှားပါးမှုများရှိပါသည်။ မျိုးထိန်းခြင်းနှင့် မျိုးမြှင့် ဆောင်ရွက်မှုများ အလွန်အားနည်းပါ သည်။ အသားတိုးမွေးမြူရေး ခြံများလည်း အလွန်နည်းပါသည်။ ရှေးရိုးစဉ်လာ သားသတ်စနစ်သာဆောင်ရွက်ပြီး သန့်ရှင်းမှု အလွန် အားနည်းပါသည်။ နောက်ကြောင်းပြန်ခြေရာခံစနစ်အလွန်အားနည်းပါသည်။

## ၃။ ဆောင်ရွက်ရမည့် လုပ်ငန်းများ

### (က) ပြည်တွင်းလိုအပ်ချက်အပေါ်အခြေခံဆောင်ရွက်ခြင်း

၁) ဒေသအလိုက် တိရစ္ဆာန်အစာဖူလုံရေး

တစ်နှစ်ပတ်လုံး တိရစ္ဆာန်အစာ လုံလောက်မှုရှိရန်အတွက် တိရစ္ဆာန်အစာထုတ်လုပ်မှုဧရိယာများ သတ်မှတ်ပြီး စားကျက်စိုက်ပျိုးခြင်း (နေပီယာ၊ ဂီနီ၊ မိုလက်တို)၊ ဒေသရှိ စိုက်ပျိုးရေးဘေးထွက် (ကောက်ရိုး၊ ပဲရိုး၊ ပြောင်းရိုး၊ ပဲမှော်၊ ပြောင်း၊ မြက်ချဉ်ဖတ်)နှင့် စက်မှုထွက်ကုန်များ (ဖွဲ၊ ဆီကြိတ်ဖတ်၊ ဘီယာကြိတ်ဖတ်၊ ကြံကြိတ်ဖတ်) စုစည်းသိုလှောင်ခြင်း ဆောင်ရွက်ရပါမည်။

၂) ကြီးထွားမှုနှင့် အသားထွက်နှုန်းကောင်းရန်

ဒေသနွားများအား အသားစားနွားမျိုး (ဘရာမင်) သားစပ်ပြီး ဘရာမင်မျိုးစပ်အသားစားနွားမျိုး ထုတ်လုပ် ရပါမည်။ ဘရာမင်အသားစားမျိုးစပ်များသည် ကြီးထွားနှုန်းကောင်းခြင်း၊ အသားထွက်ရှိမှုနှင့် အသားအရည် အသွေးမြင့်မားခြင်း၊ ဒေသအခြေခံသောနွားမျိုးစပ်ဖြစ်ပြီး ဒေသထွက်အသား ရရှိမည်ဖြစ်ပါသည်။ အသား အလေးချိန် ၂၅ ရာခိုင်နှုန်းခန့်ပိုမိုထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ဒေသကျွဲများကို အိန္ဒိယနို့စားကျွဲမျိုး (မူရာ)နှင့်သားစပ်သင့်ပါသည်။ ကြီးထွားနှုန်းကောင်းပြီး နို့ထုတ်လုပ်မှုအတွက်လည်း ကောင်းပါသည်။

၃) နို့နှင့် သားပေါက် ထုတ်လုပ်မှု

နို့စားနွားထုတ်လုပ်သော ဒေသများသတ်မှတ်ပြီး နို့စားနွားမျိုးထုတ်လုပ်ရေး ဆောင်ရွက်ရပါမည်။ ဒေသနွားမများအား နိုင်ငံခြားနို့စားနွားမျိုး (ဖရီရှန်၊ ဂျာဆီ) သားစပ်ပြီး ပေါက်ပွားလာသော နွားလေးများမှ နွားအမလေးများကိုနို့စားနွားမအဖြစ် နို့ထုတ်လုပ်မြင့်မားရေးအတွက် ပြုစုစောင့်ရှောက်မွေးမြူခြင်းနှင့် အထီးလေးများကို အသားတိုးနွားအဖြစ် ဆက်လက်မွေးမြူသွားရန်ဖြစ်ပါသည်။

၄) ထုတ်ကုန်အဖြစ်ပြုပြင်ထုတ်လုပ်ခြင်း

သားသတ်ရုံများခေတ်နှင့်အညီအဆင့်မြှင့်တင် ဆောင်ရွက်ရပါမည်။ သားသတ်စနစ်၊ သန့်ရှင်းရေးစနစ်၊ အအေးခန်းစနစ်နှင့်ထုတ်ပိုးစနစ်တို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချပြီး အန္တရာယ်ကင်းသော အသားထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ အရိုး၊ အရေခွံ၊ အခြားထွက်ကုန်တို့အား ထုတ်ကုန် အဖြစ်ပြောင်းလဲ ဆောင်ရွက်ရပါမည်။

၅) ဈေးကွက်ရရှိရေး

အသားထုတ်လုပ်ခြင်း/နို့ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဒေသ၏ ဈေးကွက် ဆိုင်ရာစည်းမျဉ်းများ၊ ညွှန်ကြားချက်များ၊ ကျန်းမာရေးစစ်ဆေးမှုများကို လိုက်နာဆောင်ရွက်ပြီး စားသုံး သူထံသို့ ရောက်ရှိရေး ဆောင်ရွက်ရပါမည်။ ပြည်ပမှသွင်းကုန်များ လျော့ကျစေရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေး ဆောင်ရွက်ရပါမည်။

### (ခ) ပြည်ပဈေးကွက်တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း

၁) နွားအရှင်နှင့် အေးခဲသားတင်ပို့ခြင်း

ပြည်ပသို့တင်ပို့သည့်လုပ်ငန်းစဉ်ကို မူဆယ်မှတရုတ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တင်ပို့နိုင်ရေးဆောင်ရွက်ရပါမည်။ ရေကြောင်း

စာ-၉ သို့


ဘရာမင်(အသားစားနွား)


ရွှေနီ(မြန်မာဒေသနွား)

စာ-၈ မှ

ကုန်သွယ်မှုလမ်းကြောင်းနှင့် လေကြောင်းကုန်သွယ်မှု လမ်းကြောင်း များမှလည်း တင်ပို့နိုင်ရေး ဆောင်ရွက်ရပါမည်။

၂) အသားတိုးနွားမွေးမြူရေး

အသားစားနွား/အသားတိုးနွားမွေးမြူရေး လုပ်ငန်းကို ဈေးကွက်လိုအပ်ချက်ပေါ်အခြေခံပြီး ဆောင်ရွက်ရ ပါမည်။ တိရစ္ဆာန် အစာထွက်ရှိရာဒေသများ (ပြောင်းထွက်ရှိရာဒေသ) ကိုအခြေပြုပြီး အသားတိုးနွားမွေးမြူရေး အစုအဖွဲ့များနှင့် အသားစားနွား/ အသားတိုးနွား မွေးမြူရေးကုမ္ပဏီများမှ ပြည်ပတင်ပို့နိုင်ရေး လိုအပ်ချက်အပေါ် အခြေခံ၍ ထုတ်လုပ်နိုင်ရန်ဆောင်ရွက်ရပါမည်။ ပြောင်းအများဆုံးထွက်ရှိရာဒေသဖြစ်သည့် ရှမ်းပြည်နယ်တွင် အဓိကဆောင်ရွက်ရပါမည်။

၃) စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ်

ခွာနာလျှာနာ ရောဂါကင်းရှင်းဇုန်၊ ရောဂါထိန်းချုပ်ဇုန်နှင့် ခြေရာခံစနစ်အတွက် နားရွက်အမှတ်အသား တပ်ဆင်ခြင်းများကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် နေပြည်တော်တွင်ဆောင်ရွက်ပြီး စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထောက်ခံချက်လက်မှတ်တို့အား AQS တည်ရှိရာကွတ်ခိုင်စခန်းမှ စီစစ်ဆောင်ရွက်ရပါမည်။ ပြည်ပတင်ပို့မှု များအတွက် သေချာစစ်ဆေးပြီးနောက် အချိန်အတိုဆုံးနှင့်လုံခြုံသောလမ်းကြောင်းမှ ပြည်ပတင်ပို့မည့် စခန်းသို့ရောက်ရှိအောင် ကြီးကြပ်ပေးရပါမည်။

ဂျာဆီ(နို့စားနွား)





ဖရီရှန်(နို့စားနွား)

၄) သားသတ်ခြင်းနှင့် အအေးခန်း

ပြည်ပသို့တင်ပို့ရန် နိုင်ငံတကာအဆင့်မီသားသတ်ရုံနှင့်အအေးခန်းများကို နေပြည်တော်၊ မန္တလေး နှင့် မူဆည် တို့တွင် တည်ဆောက်သွားရပါမည်။ သားသတ်ခြင်း၊ အရေခွံထုတ်ခြင်း၊ အရိုးထုတ်ခြင်း၊ လေမဲ့ထုပ်ပိုးခြင်းများကို ဆောင်ရွက်ရပါမည်။

၅) ပြည်ပဈေးကွက်ရရှိရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာရှပစိဖိတ်နိုင်ငံများ၊ တောင်အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်း ဒေသနိုင်ငံ များနှင့် တင်သွင်းခြင်း/တင်ပို့ခြင်းဆိုင်ရာ စည်းမျဉ်းများညှိနှိုင်းပြီး နယ်စပ်ကုန်သွယ်ရေးနှင့်ပုံမှန်ကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။

## ၄။ ပြည်နယ်နှင့် တိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ

ပြည်တော်ကောင်စီနယ်မြေ

အသားစားနှင့်နို့စားနွား မွေးမြူရေးဇုန်၊ ရောဂါထိန်းချုပ်ဇုန်နှင့် ရောဂါကင်းရှင်းဇုန် ဆောင်ရွက်ရပါမည်။ နိုင်ငံတကာအဆင့် သားသတ်ရုံ တည်ဆောက်ပြီး ပြည်ပသို့ အေးခဲအသားတင်ပို့နိုင်ရေး ဆောင်ရွက်သွားရပါမည်။ မျိုးမြှင့်တင်ရေးအတွက် နို့စားနွားမေထုန်မဲ့သားစပ်ခြင်း၊ အသားစားနွားမေထုန်မဲ့သားစပ်ခြင်း ဆောင်ရွက် ရပါမည်။ ခွာနာလျှာနာ(FMD) ကာကွယ်ဆေး၊ အရေပြားအကြိတ်နာ (LSD) ကာကွယ်ဆေး တို့ကို သတ်မှတ်ချက် နှင့်အညီထိုးနှံရပါမည်။ နောက်ကြောင်းပြန်ခြေရာခံစနစ်အတွက် ကျွဲနွားအမှတ်အသား တပ်ဆင်ခြင်း ဆောင်ရွက်ရပါမည်။

မန္တလေးတိုင်းဒေသကြီး

နွားမွေးမြူရေး အချက်အချာဒေသဖြစ်ပါသည်။ နို့စားနွားနှင့် နွားငယ် (နို့နှင့်အသား) မွေးမြူရေး အစုအဖွဲ့ /မွေးမြူရေးခြံနှင့် အသားတိုးမွေးမြူရေးလုပ်ငန်း အစုအဖွဲ့များ၊ အသားတိုးမွေးမြူရေးခြံများ အကောင်အထည် ဖော်ဆောင်ရွက်ရပါမည်။ အစာစုစည်း သိုလှောင်ခြင်း/ထုတ်လုပ်ခြင်း ဆောင်ရွက်ပြီး အစာဖြန့်ဝေပေးသော အသားတိုးနွားမွေးဘက်ပေးစနစ်အကောင် အထည်ဖော်ဆောင်ရွက်ရပါမည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတွင်ပြည်ပတင်ပို့ခြင်းတွက် တိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးစခန်း၊ အသေးစားသားသတ်ရုံ၊ တိရစ္ဆာန်အစာစက်ရုံ၊ အစာစုဆောင်းရာနေရာ-မြက်ချဉ်ဖတ်ထုတ်လုပ်ရေး ဆောင်ရွက် ရပါမည်။ ပြည်နယ်အတွင်းရှိ ပြောင်းစိုက်ဧရိယာများအပေါ်အခြေပြုပြီး အစုအဖွဲ့များဖြင့် ဈေးကွက်ဝင် အသားတိုး မွေးမြူခြင်း/ အသားစားနွားမွေးမြူခြင်း ဆောင်ရွက်ရပါမည်။ ပြည်တွင်းစားသုံးမှုအတွက် နို့စားနွားနှင့် နွားငယ်များမွေးမြူထုတ်လုပ်ခြင်း ကိုလည်း ဆောင်ရွက်ရပါမည်။

ရန်ကုန်တိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးတွင် မြေဧရိယာအကန့်အသတ်ရှိပါသည်။ နို့စားနွား၊ နို့နှင့်အသား နှင့် နို့ထွက် ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း (နို့ဆီ၊ နို့မှုန့်၊ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ ပေါင်းနို့) ဆောင်ရွက်ရပါမည်။ ပဲခူးတိုင်းဒေသကြီးတွင် နို့စားနွား၊ နို့/အသားမွေးမြူရေး ဆောင်ရွက်ရပါမည်။

မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး

ဒေသနွား(နွားပြာစိမ်း၊ နွားရွှေနီ) အများဆုံးတည်ရှိသောတိုင်းဒေသကြီးများဖြစ်ပါသည်။ ဒေသနွား မျိုးထိန်းမျိုးပွားခြင်း၊ တိရစ္ဆာန် အစာစိုက်ပျိုးရေး (စတိုင်လို၊ နေပီယာမြက်) နှင့် အစာစုဆောင်းရာဒေသများ၊ စိုက်ပျိုးမွေးမြူရေးပေါင်းစပ်ဆောင်ရွက်ရပါမည်။ ဒေသနွားအခြေခံအသားတိုးနွားမွေးမြူရေး ဆောင်ရွက် ရပါမည်။

ဧရာဝတီတိုင်းဒေသကြီး

စိုက်ပျိုးရေးအထူးဆောင်ရွက်သောဒေသဖြစ်ပြီး ရေလွှမ်းမှုများသော ဒေသဖြစ်သည်။ နွားငယ်များမွေးမြူခြင်း၊ တစ်ပိုင်တစ်နိုင်အသားစားနွားမွေးမြူခြင်းဆောင်ရွက်ရပါမည်။ အစာစုဆောင်းပြီး နို့စားနွားမွေးမြူရေးဆောင်ရွက်ရပါမည်။

## ၅။ အစာဖွံ့ဖြိုးတိုးတက်ရေးနှင့် စားကျက် စီမံကွပ်ကဲမှု

သဘာဝစားကျက်များ

ရေတိုအတွက် အပူပိုင်းမြက်မျိုး (Napier, Guinea, Signal, Brachiaria) များစိုက်ပျိုးရပါမည်၊ သို့မှသာ ကာလတိုအတွင်းပေါက်ပွားနိုင်ခြင်း၊ စားကျက်အရည်အသွေးမြင့်မားခြင်း၊ ထုတ်လုပ်မှုမြင့်မားခြင်း၊ ပြန်လည်ပေါက်ပွားမှုမြန်ဆန်ခြင်း၊ အလှည့်ကျလွှတ်ကျောင်းစနစ်ဆောင်ရွက်ခြင်း၊ မြေဆီလွှာထိန်းသိမ်းပေးခြင်း၊ စားကျက် စီမံကွပ်ကဲမှုကိုဆောင်ရွက်နိုင်ခြင်းတို့ကြောင့် တစ်နှစ်ပတ်လုံးအစာရရှိနိုင်မည်ဖြစ်ပါသည်။ ရေရှည်အတွက်ဒေသအလိုက် သဘာဝစားကျက်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းပြီးထိန်းသိမ်းရန်လိုအပ်ပါသည်။ သို့မှသာ စားကျက် ပြန်လည်စိုက်ပျိုးခြင်း၊ မီးလောင်မှုမှကာကွယ်တားဆီးခြင်း၊ အလှည့်ကျလွှတ်ကျောင်းခြင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စုပေါင်းဆောင်ရွက်ရမည့် အလေ့အကျင့်ဆောင်ရွက်နိုင်မှသာ အခြားသောထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ရဲထွန်းဝင်း

(ဆက်လက်ဖော်ပြပါမည်)

Agribiz News www.agribiznews.com.mm သတင်း

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၄၁)

## စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားရာတွင် အဝေးသင်ပညာရေး၏ အခန်းကဏ္ဍ

(ယခင်အပတ်မှအဆက်)

## Travel Experience – 16 The Role of Distance Learning in Agriculture

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်၊ အသက်မွေး ပညာသင်ကျောင်းများနှင့် အဆိုပါ နိုင်ငံများအတွင်း ရှိ စိုက်ပျိုး၊ မွေးမြူ၊ စိုက်ပျိုးစီးပွားရေး အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ အဝေးသင်ပညာရေးဖြင့် ပံ့ပိုး၊ သင်ကြားပေးနေမှု (Context and Strategic Significance of Distance Learning in Agriculture) အခန်းကဏ္ဍကို ဆက်လက် ဆွေးနွေးပါမည်။

### စိုက်ပျိုးမွေးမြူရေးဆိုင်ရာတောင်သူလယ်သမားများအတွက် အဝေးသင်စနစ်သင်ကြားမှု၏ အခန်းကဏ္ဍနှင့် အရေးပါမှု

အဝေးသင်စနစ်သင်ကြားမှု၏ အခန်းကဏ္ဍ

အဝေးသင်စနစ်ကြားမှု (Distance Learning /Online Learning /E-learning) သည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသား ညီအကို၊ မောင်နှမများရှိရာ ပြည်နယ်များ၊ ပြည်မ၊ တောင်တန်း ကျေးလက်ဒေသနေရာအနှံ့ရှိ ကျောင်းသား၊ ကျောင်းသူများ အားလုံး ပါဝင်သင်ကြား၊ သင်ယူနိုင်ရေး အတွက်အရေးကြီးသောနည်းလမ်းတစ်ခုဖြစ်ပြီးတက္ကသိုလ် ကောလိပ်၊သိပ္ပံများသို့ အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခွင့်မရှိသော တောင်သူလယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်နေကြသူများ၊ အစိုးရ၊ ပုဂ္ဂလိက တောင်သူ ပညာပေးဝန်ထမ်းများ (Extension workers) များနှင့် ကျောင်းသားများ အတွက် အသိပညာ ရရှိနိုင်သော နည်းလမ်းတစ်ခုဖြစ်ပါသည်။

အဓိကအခန်းကဏ္ဍများမှာ –

(က) သင်ကြား/သင်ယူမှုအခွင့်အလမ်းပေးခြင်း

ကျေးလက်ဒေသရှိ လယ်သမားများ၊ ဗဟုသုတရယူလိုသော စိုက်ပျိုးမွေးမြူရေး ဘွဲ့ရသူများအတွက် တက္ကသိုလ်သို့ မသွားဘဲသင်ကြားနိုင်အောင် လုပ်ဆောင်ပေးပါသည်။

(ခ) အမြဲတမ်းသင်ကြားနိုင်သောအခွင့်အလမ်း (Lifelong Learning)

လယ်ယာစိုက်ပျိုးမွေးမြူရေးနှင့် သက်ဆိုင်သောပညာရှင်များ၊ ကုန်သည်များ၊ တောင်သူ ဦးကြီး၊ဒေါ်ကြီးများအတွက် နည်းပညာအသစ်များ၊ ရေရှည်တည်တံ့ ခိုင်မြဲ သော စိုက်ပျိုးမွေးမြူရေး (Sustainable Agriculture) စတဲ့ အသိပညာများကို အချိန်မရွေး၊ နေရာမရွေး၊ အသက်အရွယ်မရွေး သင်ယူနိုင်အောင် ကူညီပေးပါသည်။

(ဂ) သင်ကြားရေးနှင့် လူ့စွမ်းအားတည်ထောင်မှု (Capacity Building) အတွက် အထောက်အကူဖြစ်ခြင်း

အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) များ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ သုတေသနအဖွဲ့များအနေဖြင့် လယ်သမားများ ကို အချိန်တိုတိုအတွင်း အများအပြား သင်ကြား၊ နည်းပညာအသစ်များပေးနိုင်သည်။

(ဃ) နည်းပညာအသုံးပြုမှု နှင့် ဖန်တီးမှုကို အားပေးခြင်း

တိကျသောစိုက်ပျိုးမွေးမြူရေး (Precision Farming)၊ ရေသွင်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှု (Irrigation Management)၊ မြေဆီလွှာသိပ္ပံ (Soil Science)၊ စိုက်ပျိုးမွေးမြူရေးနယ်ပယ်တွင် ဉာဏ်ရည်တု၏အခန်းကဏ္ဍ (AI in Agriculture) စတဲ့ နည်းပညာသစ်များကို အွန်လိုင်း (Online)အဝေးသင် စနစ်မှ သင်ယူနိုင်သည်။

(င) တက္ကသိုလ်၊စက်မှုနှင့်စိုက်ပျိုးမွေးမြူလယ်ယာလုပ်ငန်းများအပြန်အလှန် ချိတ်ဆက်မှု

ပြည်တွင်းနှင့်နိုင်ငံခြားရှိ သုတေသနပညာရှင်များ အပါအဝင်၊ ကျွမ်းကျင်သူများ၊ ကျောင်းသား၊ကျောင်းသူများ၊ လယ်သမားများအကြား ဗဟုသုတဖလှယ်ပေးနိုင်သည်။

### အဝေးသင်စနစ် သင်ကြားမှုအတွက် အရေးပါမှု

| အချက်အလက် | အရေးပါမှု |
|---|---|
| လက်လှမ်းမီမှု (Accessibility) | ကျေးလက်ဒေသရှိလယ်သမားများအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ ပညာကို လက်လှမ်းမီအောင် ပြုလုပ်ပေးသည်။ |
| အချိန်နှင့်နေရာ လွတ်လပ်မှု (Flexibility) | လယ်ယာအလုပ်၊ အခြားအလုပ် လုပ်နေစဉ် သင်ကြားနိုင်ပြီး အချိန်အခက်အခဲ မရှိပါ။ ဝင်ငွေလည်းရှာနိုင်ပါသည်၊ |
| ကုန်ကျစရိတ် လျှော့ချခြင်း (Cost-effectiveness) | ခရီးသွားဖို့၊ နေထိုင်ဖို့စရိတ်များ လျှော့ချနိုင်သည်။ |
| အသိပညာမြန်ဆန်စွာ ပြန့်ပွားခြင်း | သုတေသနနှင့် နည်းပညာအသစ်များကို မြန်မြန် ပြန့်ပွားနိုင်သည်။ |
| နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု | နိုင်ငံအနှံ့မှ သုတေသနပညာရှင်များ၊ ကျောင်းသားများအကြား အကြံဉာဏ်ဖလှယ်မှု ဖြစ်ပေါ်စေသည်။ |
| ပတ်ဝန်းကျင်ထိန်းသိမ်းမှု | စာအုပ်၊ ပစ္စည်းကုန်ကျမှုနည်းပြီး ဒီဂျစ်တယ်သင်ယူစနစ် (Digital Learning) နည်းလမ်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ ပျက်စီးမှုနည်းပါးစေသည်။ |

ဥပမာ – ဗာဂန်နီးဂန်တက္ကသိုလ်၊ နယ်သာလန်နိုင်ငံ (Wageningen University & Research (WUR)

နယ်သာလန်နိုင်ငံ၊ ဗာဂန်နီးဂန်တက္ကသိုလ် (WUR) သည် ကမ္ဘာ့အဆင့်မြင့် စိုက်ပျိုးမွေးမြူရေး၊ လယ်ယာသုတေသနနှင့် တက္ကသိုလ်ပညာရေးအတွက် (ကမ္ဘာ့အဆင့်-၁) နာမည်ကြီးသောတက္ကသိုလ်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးပညာများကို အဝေးသင် ပညာရေး စနစ် (Distance Learning / Online Learning)ကို အထူးအကျိုးရှိအောင် အသုံးပြုနေ သော တက္ကသိုလ် တစ်ခု ဖြစ်ပါသည်။

ဥပမာသင်ခန်းစာများ - အစားအစာလုံခြုံစိတ်ချမှုနှင့်ရေရှည်တည်တံ့ခိုင်မြဲမှု (Food Security and Sustainability)၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုး မွေးမြူရေး (Climate-Smart Agriculture)၊ အာဟာရဓာတ်နှင့်အစားအစာစနစ် (Nutrition and Food Systems)၊ စိုက်ပျိုးစီးပွားရေးပညာ (Agribusiness/Circular Economy in Agriculture)

အကျိုးသက်ရောက်မှု

ဗာဂန်နီးဂန်တက္ကသိုလ် (WUR) ၏ အွန်လိုင်း၊ အဝေးသင်သင်တန်းများကို အီးဒီအိပ် _ဗာ ဂန်နီးဂန် အဝေးစနစ် (edX & WUR Online Platform) ဖြင့် ကမ္ဘာအနှံ့ရှိ ကျောင်းသား/ ကျောင်းသူများနှင့် တောင်သူလယ်သမားများ နှစ်စဉ်ဦးရေတစ်သိန်းခန့် သင်ကြားလေ့ လာ နေကြပါသည်။ တောင်အမေရိက၊ အာရှ၊ အာဖရိက၊ ပစိဖိတ်ကျွန်း စသည့် ဖွံ့ဖြိုးဆဲ နိုင်ငံများမှ ကျေးလက်ဒေသနေ ကျောင်းသား ကျောင်းသူ၊ ပညာသင်ယူများလည်း ခရီးသွားစရာမလိုဘဲ နယ်သာလန်နိုင်ငံမှ စိုက်ပျိုး၊ မွေးမြူရေး အသိပညာများ ရယူနိုင် ပါသည်။ ဤစနစ်သည် နိုင်ငံအားလုံး အနှံ့အပြား ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုး၊ မွေးမြူရေး (Sustainable Agriculture) ကို မြှင့်တင်ရန်နှင့် လယ်ယာနည်းပညာ ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေပါသည်။

### စာရေးသူ၏အတွေးတစ်စ

စိုက်ပျိုး၊ မွေးမြူရေးဘာသာများ အဝေးသင်သင်ကြားမှုစနစ် (Distance Learning in Agriculture) သည် တောင်သူလယ်သမားများနှင့် ကျေးလက်ဒေသနေသူများအတွက် ပညာရေးအခွင့်အလမ်း ဖန်တီးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးနည်းပညာအသစ်များကို မြန်မြန်ပြန့်ပွားစေခြင်း၊ တက္ကသိုလ်များ၊ စက်မှုနည်းပညာ၊ ခေတ်မီ ဒီဂျစ်တယ်သင်ကြားရေးစနစ် (Digital Education) နှင့် လယ်ယာများအကြား ချိတ်ဆက်မှု တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံတကာ အဆင့် စိုက်ပျိုးမွေးမြူရေး တီထွင်ဖန်တီးမှုများ (Agricultural

စာ-၁၁ သို့




# ဉာဏ်ရည်တုနည်းပညာအား စိုက်ပျိုးရေးကဏ္ဍတွင် လက်တွေ့ အသုံးချနိုင်ရေး ကြိုးပမ်း

**AI** နည်းပညာ မိတ်ဆက်ခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် လက်တွေ့ အသုံး ချနိုင်ရေး အတွက် စိုက်ပျိုး ရေးဦးစီးဌာန ၏ ဌာနတွင်း စွမ်း ဆောင်ရည်မြှင့်သင်တန်းအဖြစ် AI Introduction and Basic Usage သင်တန်းကို ဇန်နဝါရီတတိယပတ် က နေပြည်တော် ရုံးအမှတ် ၄၃ သင်တန်းခန်းမ ၌ စတင် ဖွင့်လှစ်ခဲ့ ကြောင်း သိရသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကြိုးပမ်း ဆောင်ရွက်ရာတွင် အဆင့်မြင့် နည်းပညာများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဉာဏ်ရည်တုနည်းပညာ AI ကို စိုက်ပျိုးရေးလုပ်ငန်းများ၊ သီးနှံထွက်ကုန်များ ရောင်းချဖြန့်ဖြူးရေး လုပ်ငန်းများ၌တွင်ကျယ်စွာအသုံးပြုလျက်ရှိသကဲ့သို့ သီးနှံရောဂါနှင့် ဖျက်ပိုးများကို စူးစမ်း ရှာဖွေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေ စီမံခန့်ခွဲမှုစနစ် တည်ထောင်ခြင်း ၊ သီးနှံရင့်မှည့်မှု ရှာဖွေ ဖော်ထုတ်ခြင်း၊ သီးနှံအရည်အသွေး ခွဲခြားခြင်းများနှင့် ဖြစ်ပေါ်လာ နိုင်သည့် ဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်နိုင်ခြင်း လုပ်ငန်းများ၌ ထိရောက်စွာ အသုံးပြု နိုင်စေရေး ကြိုးပမ်းသွားရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် စိုက်ပျိုးရေးဦးစီးဌာနမှ အမှုထမ်း အရာထမ်းများအနေဖြင့် ဉာဏ်ရည်တု နည်းပညာ(AI) ကို ရှေ့တန်းမှ ဦးဆောင်ကာ လယ်ယာကဏ္ဍ၌ စနစ်တကျ အသုံးချနိုင်ကြရန် နှင့် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ နည်းပညာများကို လွယ်လင့်တကူရှာဖွေလေ့လာပြီး တောင်သူများထံ လက်ဆင့်ကမ်းပညာပေးနိုင်ကြစေရန် ယခုသင်တန်းကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က ပြောသည်။

AI နည်းပညာနှင့် စိုက်ပျိုးရေးကဏ္ဍကို ဆက်စပ်ချိတ်ဆွင် လေ့လာအသုံးချခြင်းဖြင့် လက်တွေ့ဆောင်ရွက်မှုလုပ်ငန်းစဉ်တွင် ကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန်၊ သီးနှံအထွက်နှုန်းတိုးပြီး ထုတ်ကုန်အရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်ဖွင့်လှစ်သော ယခုသင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဌာနခွဲများနှင့် နေပြည်တော်ကောင်စီနယ်မြေ အမှုထမ်း အရာထမ်း ၃၂ ဦး တို့က တက်ရောက်လေ့လာ ခဲ့ကြပြီး အွန်လိုင်းစနစ်ဖြင့် တိုင်းဒေသကြီး ပြည်နယ်မှ အမှုထမ်း အရာထမ်းများအား သင်တန်း အပတ်စဉ်အလိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**DOA**

စာ-၁၀ မှ

Innovation) ကို အဆင့်မြှင့်တင်ပေးခြင်း စသဖြင့် အရေးပါသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါသည်။

မြန်မာနိုင်ငံ အဝေးသင်တက္ကသိုလ်များပညာရေးစနစ် (Open University Education System) သည် ဝေးလံခေါင်ဖျား၊ ပြည်နယ် နှင့်တိုင်းအားလုံးရှိ ကျေးလက်နေ လူငယ် များအထိ ပြန့်နှံ့ရောက်ရှိနေသော စနစ်ဖြစ်ပါ သည်။ သို့သော် လက်ရှိ အဝေးသင် တက္ကသိုလ်၌ သင်ကြားပို့ချ၊ ဘွဲ့ပေးနေသော ဘာသာရပ်များမှာ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ မပါဝင်သေးပါ၊ ကျောင်းသား ကျောင်းသူ ဦးရေများပြားလွန်းလှသဖြင့် ကျွမ်းကျင်စွာ၊ ပညာတတ်မြောက်မှု (Skilled Education)၊ အရည်အသွေး ထိန်းချုပ်နိုင်မှု(Quality Control)နည်းပါးနေသေးသည်ဟု စာရေးသူ ထင်မြင်မိပါသည်။ ဘွဲ့ရပြီးလျှင် လည်း ဘာသာ အများစုမှာ လိုအပ်လျက်ရှိသော အလုပ်အကိုင်နှင့် တိုက်ရိုက်ဆက်စပ် မှုရှိမနေပါ။(Mismatch between Graduates and Employability)၊ တက္ကသိုလ်၊ ကောလိပ်နေ့ သင်တန်းများသို့ ငွေကြေးကုန်ကြမှုများပြား၍ လူကိုယ်တိုင် မတက်ရောက်နိုင်သော အထူးသဖြင့် ကျေးလက်ဒေသ၊ ကျေးရွာများ၌ ရှိနေသော ကျောင်းသား ကျောင်းသူများကို သူတို့အတွက် လက်တွေ့အသုံးဝင်မည့် စိုက်ပျိုးမွေးမြူပညာရပ်များကို အဝေးသင် ဘာသာရပ်တစ်ခုအဖြစ်ထည့်သွင်းပြီး အဝေးသင်သိပ္ပံဘာသာရပ်များ သင်ကြားသကဲ့သို့ စနေ၊ တနင်္ဂနွေနေ့ရက်များတွင် စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်၊ စိုက်ပျိုးမွေးမြူရေးသိပ္ပံများတွင် လက်တွေ့ဆင်း စသည်များ ပြုလုပ်၍လည်းကောင်း ကျေးလက်နေ ကျောင်းသား ကျောင်းသူများအတွက် လယ်ယာသီးနှံ (Agronomy)၊ ဥယျာဉ်ခြံသီးနှံ (Horticulture)၊ စက်မှုလယ်ယာ (Farm Machinery)၊ ကျွဲ၊ နွား၊သိုး၊ဆိတ်၊ကြက်၊ဝက် စသည့် မွေးမြူရေး တိရစ္ဆာန်များ (Farm Animals)အကြောင်း၊ မိမိအိမ်အတွင်း အိမ်ခြံ စိုက်ပျိုးခြင်း(Home Gardening)၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း (Agroforestry)၊ သဘာဝ၊ စိုက်ပျိုးရေး အခြေပြု ခရီးသွားလုပ်ငန်း (Ecotourism/ Agrotourism) စသည့် ပညာရပ်များ အကြောင်း ဒီဂရီ ၊ ဒီပလိုမာ ဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် စိုက်ပျိုး မွေးမြူရေးနိုင်ငံဖြစ်သော အမိ မြန်မာနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ မဖြစ်နိုင်ပေဘူးလား ဟူ၍ စာရေးသူ အတွေးဝင်နေမိပါသည်။

(ရုံးချိန်ပြင်ပသင်ကြား ပေးရသော ဆရာဆရာမများ အတွက် ဉာဏ်ပူဇော်ခ အပိုထပ် ဆောင်းချီးမြှင့်ခြင်း စသည့် အစီအစဉ်များတော့ ဆောင်ရွက်ပေးရပါမည်။ သို့မဟုတ်ပါက သင်ကြားပေးမှုမှာ စိတ်အား ထက်သန်စွာ သင်ကြားပေးမှု မရှိတော့ဘဲ၊ လက်တွေ့မပါတော့ဘဲ အလွတ်ကျက်စာသင်စနစ်ကို ရောက်ရှိသွားနိုင်သည်ကိုလည်း သတိထားရပါမည်။ ပညာရေးဝန်ကြီးဌာနမှ ချမှတ်ကျင့်သုံးနေသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ပညာပေးရေးသင်တန်းများသည် သင်ကြားသူ ဆရာ ဆရာမများအတွက် သင်တန်း ကြေးဝင်ငွေ၏ ၅၀ ရာခိုင်နှုန်း တရားဝင်ရနေပါသည်။ ဤစနစ်ကို မှီငြမ်းဆောင်ရွက် နိုင်ပါသည်။ )

၂၀၂၆-ခုနှစ် နှစ်ဦးပိုင်း စာရေးသူတို့ ရွှေရောင်လွင်ပြင်အဖွဲ့နှင့် သန်လျင်သမဝါယမ တက္ကသိုလ်တို့ ပူးတွဲ ဖွင့်လှစ်မည်ဖြစ်သော စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်း ဝယ်ရေး သင်တန်း အမှတ်စဉ် ၁ မှာ တက်ရောက်လိုသူများပြားလျက်ရှိပြီး အရည်အသွေး ထိန်းချုပ်လို၍ သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၅၀ ဦး သာဖွင့်လှစ်ပြီး အမှတ်စဉ် ၂ ကို ဆက်လက်ဖွင့်လှစ်ရန်စီစဉ်နေပါသည်။ တစ်နည်းအားဖြင့် အစိုးရ/ ပုဂ္ဂလိက ပူးတွဲ ဆောင်ရွက်မှု (PPP-Public Private Partnerships) ကိုလည်း အကောင်အထည်ဖော်ပြီး ဖြစ်ပါသည်။ ဤကဲ့သို့ အစီအစဉ်များကို မြန်မာနိုင်ငံအတွင်း စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်၊ သိပ္ပံများ (Agricultural Universities/Colleges/ Institutes) နှင့်ပုဂ္ဂလိက ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ (Local/International Non-Government Organizations)၊ ကုမ္ပဏီ/လုပ်ငန်းများ (Agricultural Companies/ Enterprises)၊ အငြိမ်းစား စိုက်ပျိုးမွေးမြူရေးပညာရှင်၊ အငြိမ်းစားဆရာဆရာမကြီးများ (Retired Agricultural Scientists/Teachers) ပူးတွဲဖွင့်လှစ်ခြင်းဖြင့် အားလုံးအဆင်ပြေသော အစီအစဉ် (Win-Win Situation Program)ရရှိနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

ဒေါက်တာမျိုးကြွယ်

(ဆက်လက်ဖော်ပြပါမည်)




၂၇-၁-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၉၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၉၀၀၀၀ ကျပ်နှုန်း၊ ရွှေဘိုပေါ်ဆန်း ဆန်အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၇၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၆၈၀၀၀ ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်းဟောင်းအလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်း၊ ဖျာပုံပေါ်ဆန်းသစ်အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၁၀၅၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၀၀၀၀၀ကျပ်နှုန်း၊ ဧယာဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ် လျှင်၅၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်း၊ ဧည့်မထ ဆန်ကြမ်း ၁၅ ရာခိုင်နှုန်း လတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၅၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်း၊ ငစိန်ဆန်အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၅၀၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၄၉၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်အပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်း ဆန်သစ် အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၇၂၀၀၀ ကျပ်နှုန်းမှ ၁၇၅၀၀၀ ကျပ်နှုန်းသို့ လည်းကောင်း၊ ဖျာပုံပေါ်ဆန်းဆန်သစ် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၃၀၀၀ ကျပ်နှုန်း မှ ၁၀၅၀၀၀ ကျပ်နှုန်းသို့ လည်းကောင်း အသီးသီးရောက်ရှိဈေးမြင့်ခဲ့သည်။ ကျန်ဆန်အမျိုး အစားများမှာ ဆန်ဟောင်းရှားပါးလာချိန်ဖြစ်သော်လည်း စပါးဟောင်းများအား လတ်တလော အသစ်ကြိတ်ခွဲထားသော ဆန်ဟောင်းကြိတ်သစ်များအဖြစ် ဈေးကွက်အတွင်း ဝင်ရောက်မှုရှိကာ ရောင်းလိုအား၊ ဝယ်လိုအား မျှတလျက်ရှိခြင်းကြောင့် ဆန်ဟောင်းဈေးများ ဈေးအမြင့်တွင် ဈေးငြိမ်လျက်ရှိခြင်းဖြစ်သည်။ ဆန်သစ်ဈေးနှုန်းများမှာမူ ဆန်ဟောင်းများ ဈေးမြင့်နေချိန်တွင် ဆန်သစ်များအား စားသုံးသူများမှ ဝယ်ယူစားသုံးမှုများလာခြင်းကြောင့် ဆန်သစ် အလတ်စတစ် အိတ်လျှင် ၃၀၀၀ ကျပ်ခန့် ဈေးမြင့်လာခဲ့ခြင်းဖြစ်သည်။ ပြည်ပပို့ ဆန်ဈေးကွက်တွင်လည်း အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်အပါအဝင် အဓိက ဆန်တင်ပို့သည့် နိုင်ငံ များသည် ပြည်တွင်းပိုလျှံ သော ဆန်များကို တင်ပို့နိုင်ရန် ယှဉ်ပြိုင်လျက်ရှိပြီး ဝယ်လက်များမှာလည်း ဈေးထပ်ကျမည်ကို စောင့်ကြည့်လျက်ရှိနေခြင်းကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းများ အကျဘက်တွင် ရှိနေဦးမည်ဟု သုံးသပ်ခန့်မှန်းလျက်ရှိကြသည်။ မြန်မာပြည်တွင်း၌လည်း ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း အစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်ဖြေလျှော့ထားခြင်းကြောင့် ပြည်ပပို့ ဆန်ဈေးနှုန်းများအား အကျိုးသက်သာစေခဲ့သည်။ ပြည်တွင်း ဆန်ဈေးနှုန်း များ တည်ငြိမ်မှန်ကန် မှုရှိစေရန် စားသုံးသူများထံသို့ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ကား များ လှည့်လည် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ် ၊ လပွတ္တာ၊ ရွှေဘို ဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်ပို့ချိန်နီးလာခြင်းကြောင့် ဝယ်လက်များမှ ဝယ်ယူမှုများခြင်း၊ ပို့ကုန်ရငွေအပေါ် ဖြေလျှော့မှုများရှိလာခြင်းကြောင့် ကုန်သည်၊ ဝယ်လက်များမှ ဈေးမြှင့်ပေးဝယ်ခြင်းစသည့်အခြေအနေများကြောင့် ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၇၇၇၆၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၉၃၈၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ထိုင်းအစိုးရသည် ယခုနှစ် အတွင်း အစေ့ထုတ်ပြောင်း အကောက်ခွန်လွတ်တင် သွင်းခွင့်ကာလကို ဖေဖော်ဝါရီမှ ဇွန်အထိ ၅ လသာ အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။ ယခင်နှစ်များကမူ အာဆီယံလွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်အရ နှစ်စဉ် ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ ၇ လကို အခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အခြား အာဆီယံနိုင်ငံများသို့ ပြောင်းတန်ချိန် ပမာဏတိုးမြှင့် တင်ပို့ရောင်းချနိုင်ရန် မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းက စီစဉ်လျက်ရှိပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ညှိနှိုင်းမှုများ ပြုရန် စီစဉ်ထားကြောင်း သိရသည်။

## ပဲမျိုးစုံဈေးကွက်

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် မိုးစိုက်ပဲများ ရေကြီးနစ်မြုပ်မှုများ ရှိခဲ့ခြင်းကြောင့် အိန္ဒိယပြည်တွင် ပဲအထွက်နှုန်းကျဆင်းကာ မတ်ပဲ၊ ပဲစင်းငုံများအား ဝယ်လို အားများခြင်း၊ ပြည်တွင်းပဲဈေးမြင့်ခြင်း၊ မိုဇမ်ဘစ်၊ မာလာဝီ စသော အာဖရိက နိုင်ငံ အချို့တွင်လည်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပဲစင်းငုံများ ပျက်စီးမှုရှိခဲ့ခြင်း၊ မြန်မာနိုင်ငံတွင်လည်း ပဲသစ် အဝင် နည်းနေသေးခြင်း၊ မတ်ပဲ၊ ပဲစင်းငုံများအား အိန္ဒိယဝယ်လက်များမှ ဝယ်ယူမှုများခြင်း၊ လှောင်လက်များကလည်း ဝယ်ယူမှုရှိခြင်း ရိတ်သိမ်းချွေလှေ့ကုန်ကျစရိတ်များ ဈေးမြင့်နေခြင်း၊ ပို့ကုန်ရငွေအပေါ် ဖြေလျှော့မှုများရှိလာခြင်းကြောင့် ကုန်သည်များက ဈေးမြှင့် ဝယ်ယူမှုရှိ လာခြင်း၊ ပဲသစ်ပေါ်စအချိန်ဖြစ်ခြင်းကြောင့် ဈေးကွက်သို့ ပဲသစ်အဝင်နည်းနေသေးခြင်း၊ ပဲဟောင်းများလည်းလက်ကျန်အလွန်နည်းချိန်ဖြစ်ခြင်းတို့ကြောင့်ဈေးကွက်အတွင်းပဲအဝင်နည်းကာဝယ်လိုအားများခဲ့သည်။ ထို့ကြောင့် မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်း မှာ ၂၈၇၃၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၈၆၀၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့် ခဲ့သည်။ အလားတူပင် ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၉၈၇၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၂၉၁၀၀၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက်ရှိခဲ့ပြီး မတ်ပဲ(သဘော်တင်) ကုန်သေတ္တာ ၁၉၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်) ကုန်သေတ္တာ ၁၁၀ လုံးခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ ပဲတီရွှေဝါဈေးနှုန်းများမှာ ပဲဟောင်းလက်ကျန်များ နေသေးခြင်းနှင့် ဝယ်လက်များက ဈေးချဝယ်ယူမှုရှိခြင်း၊ တောင်သူများကလည်း ဈေးထပ်ကျ မည်ကို စိုးရိမ်ခြင်းကြောင့် ရောင်းချမှုများရှိသဖြင့် ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၁၀၅၅၀ ကျပ် ဖြစ်ပြီး ယခု အပတ်ဈေးနှုန်းမှာ ၄၀၅၆၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ပဲလွမ်းဖြူမှာ ပဲသစ်မဝင် သေးခြင်းနှင့်အရောင်းအဝယ်အေးခြင်းကြောင့် ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၂၅၅၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၅၂၄၅၀ ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ ကုလားပဲမှာ ပဲသစ်မဝင်သေးခြင်း၊ ရောင်းလိုအား၊ ဝယ်လိုအားမျှနေခြင်းကြောင့် ဈေးငြိမ် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကုလားပဲ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၁၆၈ ကျပ်ဖြစ်သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၁၉၉၈၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၁၀၃၀၀ ကျပ်သို့ လည်းကောင်း၊ ပဲပုပ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၃၇၂၄၅၀ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၃၉၂၅၅၀ ကျပ်သို့ လည်းကောင်း၊ ဘိုကိတ်ပဲမှာ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၀၀၁၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၀၂၅၀၀ကျပ်သို့ လည်းကောင်း အသီးသီးရောက်ရှိဈေးမြင့်ခဲ့ကြသည်။

## စားသုံးဆီဈေးကွက်

စားအုန်းဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၁၅၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းမှာလည်း ၆၁၅၀ ကျပ်ဖြစ်သည်။ ပြင်ပရှိ လက်လီ ဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာ မကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။ အေးသန္တာဝင်း

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၇-၁-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်ဈေးကွက်

မန္တလေးဈေးကွက်တွင် ရန်ကုန်ပေါ်ဆန်းအသစ်နှင့် အဟောင်းနှစ်မျိုးလုံးတွေ့ရ ပြီး အသစ်တစ်အိတ် ၁၂၀၀၀၀ကျပ်၊ အဟောင်းတစ်အိတ် ၁၄၅၀၀၀ကျပ်ရှိပြီး ရွှေဘိုပေါ်ဆန်းမှာလည်း အသစ် ရော အဟောင်းပါနှစ်မျိုးလုံးတွေ့ရပြီး အသစ်တစ်အိတ်၁၆၀၀၀၀ကျပ် ၊ အဟောင်းတစ်အိတ်လျှင် မြို့တွင်းစားသုံးရန် ဝယ်ယူမှုများခြင်း၊ ပစ္စည်းရှားခြင်းကြောင့် ယခင်အပတ် ၁၅၀၀၀၀ မှ ၁၉၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားသည်။ မနောသုခမှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် အသစ်တစ်အိတ် ၆၅၀၀၀ ကျပ်၊ အဟောင်းတစ်အိတ် ၈၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ငစိန်နှင့်ဇီယာဆန်တို့အနက် ငစိန်ဆန်မှာ အသစ်အဝင်များလာခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်း ကြောင့် တစ်အိတ် ၅၃၀၀၀ကျပ်မှ ၅၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး ဇီယာဆန်မှာ အသစ်အဝင်နည်းခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၇၀၀၀၀ကျပ်မှ ၇၅၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ဧရာမင်းဆန်မှာ အသစ်အဟောင်းနှစ်မျိုးလုံးဝင်ရောက်ပြီး မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် အဟောင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး အသစ်များမြို့တွင်းသုံးဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၁၁၅၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်အေးနေသည်။

## ဆီထွက်သီးနှံဈေးကွက်

မြေပဲ(လုံးဆန်)မှာ မြင်းမူဘက်မှ ဆောင်းမြေပဲအဝင်ရှိခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၁၀၀ ပိဿာ ၉၅၀၀၀၀ကျပ်၊ အနီလုံးဆန် ၉၂၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ မြေပဲ(ဆီဆန်)မှာ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း၊ အသစ် အဝင်နည်းခြင်းကြောင့် ၁၀၀ ပိဿာ ၉၀၀၀၀၀ ကျပ်မှ ၉၃၀၀၀၀ကျပ်၊ လယ်ဝေးဘက်မှ အနီဆီဆံများလည်း ဝင်ရောက်ပြီး ၁၀၀ ပိဿာ ၉၁၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ဆောင်းနှမ်းများအဝင်နည်းသွားခြင်း၊ နှမ်းဖြူမှာ လှောင်လက်နှင့်တရုတ်ဝယ်လက်ဝယ်ယူမှုအနည်းငယ်ရှိခြင်း၊ လုပ်ငန်းသမားပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၄၅ ပိဿာလျှင် ၃၁၀၀၀၀ကျပ်မှ ၃၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းညိုမှာ အဝင်ပုံမှန်၊ ဆီစက်သမားအဝယ်ပုံမှန်ရှိ ခြင်းကြောင့် ၄၅ ပိဿာ ၃၁၀၀၀၀ကျပ်မှ ၃၂၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ နှမ်းနက်(စမုံ)မှာ အရည်အသွေး ပေါ်မူတည်၍ ၆၈၀၀၀၀ကျပ်မှ ၇၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဆောင်းနှမ်းနက်မှာ လုပ်ငန်းသမား အဝယ်နည်းခြင်း ကြောင့် ၄၅ ပိဿာ ၅၄၀၀၀၀ ကျပ်မှ ၅၂၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပန်းနှမ်း အထွက်နည်း အဝင်နည်းခြင်း၊ ဘယဆေးသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၂၈၅၀၀၀ ကျပ်မှ ၃၂၀၀၀၀ ကျပ်ထိ ဈေးများစွာမြင့်နေသည်။ နေကြာမှာ ဆောင်းနေကြာအသစ်များဝင်ရောက်မှုရှိခြင်း၊ အထွက်နည်း၊ အဝင်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ၂၇ ပိဿာ ၂၁၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက် (ရှည်) အဝင်ပုံမှန် စားသုံးမှုပုံရှိခြင်းကြောင့် တစ်ပိဿာ ၁၈၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငရုတ်ခြောက် (လတ်)မှာ တစ်ပိဿာ ၂၀၀၀၀ကျပ်၊ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်း(ပွ)များ အဝင်များခြင်း၊ စားသုံးမှုပုံမှန် ရှိခြင်းကြောင့် တစ်ပိဿာ ၂၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်နီမှာ မြစ်သားနှင့်ရွှေဘို၊ မြင်းခြံနယ်စုံမှ ဝင်ရောက်မှုရှိပြီး မြစ်သားအသစ်ကြီး တစ်ပိဿာ ၂၈၀၀ ကျပ်မှ ၃၅၀၀ ကျပ်၊ လတ်တစ်ပိဿာ ၃၅၀၀ ကျပ်မှ ၃၂၀၀ ကျပ် ဈေးနိမ့်သွားပြီး မြစ်သား (သေး) တစ်ပိဿာ ၂၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နယ်စုံကြက်သွန်များမှာ ကြီးတစ်ပိဿာ ၃၀၀၀ ကျပ်၊ လတ်တစ်ပိဿာ ၂၈၀၀ ကျပ်၊ သေးတစ်ပိဿာ ၂၃၀၀ ကျပ်ဖြင့် မြို့တွင်းသုံးနှင့်အနီးဝန်းကျင်မှ ဝယ်ယူမှုရှိသည်။ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၁၀၀၀ကျပ်၊ ကြက်သွန်ဖြူ(အောင်ပန်း)မှာ အဝင်နည်းသွားခြင်း၊ ကြက်သွန်ဖြူ(မြန်မာ) မဝင်သေးခြင်းကြောင့် အရည်အသွေး အကောင်းဆုံးတစ်ပိဿာ ယခင်အပတ် ၇၀၀၀ ကျပ်မှ ယခုအပတ် ၈၀၀၀ကျပ် ဈေးမြင့်သွားပြီး၊ အနိမ့်ဆုံးမှာ တစ်ပိဿာ ၄၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ တရုတ်အာလူးများမဝင်ခြင်း၊ အောင်ပန်းဒေသသီးများအဝင်နည်းခြင်း၊ မြို့တွင်းစားသုံး မှုပုံမှန်ဖြစ်ခြင်းကြောင့် အိုကေတစ်ပိဿာ ၅၈၀၀ ကျပ်မှ ၆၅၀၀ ကျပ်ဈေးမြင့်သွားပြီး အေဝမ်းတစ်ပိဿာ ၄၂၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ ဆွဲတစ်ပိဿာ ၄၅၀၀ကျပ်မှ ၄၈၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲ အသစ်များဝင်ရောက်မှုရှိပြီး ကျောက်ရစ်ပဲ ၃ တင်းတစ်အိတ် ၂၈၀၀၀၀ ကျပ်၊ အညာပဲတစ်အိတ် အရည်အသွေး ပေါ်မူတည်၍ ၂၄၀၀၀၀ကျပ်မှ ၂၆၅၀၀၀ ကျပ်ဖြင့် ပဲခွဲစက်များနှင့် ရန်ကုန်ဝယ်လက်ဝယ်ယူမှု ပုံမှန်ရှိနေသည်။ ပဲတီစိမ်း(အညာ)မှာ ဆောင်းပဲများ အညာဘက်မှရော ခြံပဲများပါ အဝင်ရှိခြင်းကြောင့် ပဲခွဲစက်နှင့် တရုတ်ဝယ်လက် ပုံမှန်ရှိသော်လည်း အညာပဲ ၃ တင်းတစ်အိတ် ၃၁၅၀၀၀ ကျပ်မှ ၂၉၀၀၀၀ကျပ်သို့ ဈေးနိမ့်သွား ပြီး ခြံပဲမှာ တစ်အိတ် ၂၆၀၀၀၀ကျပ်ဖြင့် ရောင်းဝယ်နေသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ လှောင်သမားထံမှ လက်ကျန်အဟောင်းနှင့် စစ်ကိုင်းအထက်ပိုင်းမှ ဝင်ရောက် သော အသစ်များပါ တွေ့ရပြီး၊ ပဲခွဲစက်နှင့် ရန်ကုန်သမား၊ လှောင်သမားဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် လက်ကျန် ၃ တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်၊ အသစ်တစ်အိတ် ၃၀၃၀၀၀ ကျပ်ဖြင့် ပုံမှန်ရောင်းဝယ်မှုရှိပြီး ပဲစဉ်းငုံ(ဖြူ)မှာ အသစ်အဝင်မရှိသေးခြင်း၊ အရောင်းအဝယ်အေးသော်လည်း လက်ကျန်နည်းခြင်းကြောင့် ယခင်အပတ် ၃ တင်း တစ်အိတ် ၂၂၀၀၀၀ကျပ်မှ ယခုအပတ် ၂၄၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ဆောင်းစိုက်ပဲပုတ်များမဝင်သေးခြင်း၊မိုးပဲပုတ်အထွက်နည်းအဝင်နည်းခဲ့ခြင်းကြောင့် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိသော်လည်း ပဲပုတ်(မြန်မာ) ၃ တင်းတစ်အိတ် ၃၂၀၀၀၀ကျပ်မှ ၃၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲပုတ်(ရှမ်း)မှာ မိုးမိတ်ဘက်မှ အသစ်ဝင်ရောင်ပြီး အရည်အသွေးကောင်းခြင်း ကြောင့် ၃ တင်းတစ်အိတ် ၃၁၈၀၀၀ ကျပ်မှ ၃၅၀၀၀၀ကျပ်၊ မိုးညှင်းပဲပုတ် ၃၆၀၀၀၀ကျပ်ဖြင့် ဆီစက်သမားများ အဝယ်ပုံမှန်ရှိနေသည်။ ကုလားပဲ(ဖြူကြီး)မှာ ဆောင်းစိုက်မဝင်သေးခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် လုပ်ငန်းသမား၊ ပဲကြော်/လှော်သမား အဝယ်နည်းသော်လည်း ၃ တင်းတစ်အိတ် ၂၃၅၀၀၀ ကျပ်မှ ၂၄၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(လုံးဝါကြီး)မှာ ခွဲစက်သမားများ အဝယ်ပုံမှန်ရှိခြင်း၊ လှောင်သ မားထံမှ ဝယ်ရခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၁၈၀၀၀ ကျပ်မှ ၂၂၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ လုံးဝါကြီး ဈေးမြင့်သဖြင့် ခွဲခြမ်းများလည်း တစ်ပိဿာ ၅၅၈၀ ကျပ်မှ ၅၇၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ မြေထောက်ပဲမှာ အသစ်များစတင်ဝင်ရောက်မှုရှိပြီး ပဲကြော်/လှော်လုပ်ငန်းသမား၊ အဝယ်ပုံမှန်ရှိခြင်း၊ လှောင်သမားဝယ်ယူမှုရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ မုံရွာမှ မြေထောက်ပဲ ၃ တင်းတစ်အိတ် ၂၄၀၀၀၀ ကျပ်၊ အညာပဲ(ဟောင်း) ၂၆၀၀၀၀ ကျပ်၊ အညာပဲ(သစ်) ၂၉၀၀၀၀ ကျပ် ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ် နေသည်။ ပဲယင်းမှာ အဝင်နည်းသေးခြင်း၊ ပဲခွဲစက်များ ပုံမှန်ဝယ်ယူခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၁၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ အသစ်ဝင်ရောက်သော်လည်း အဝင်နည်းသေးခြင်း အရည်အသွေးကောင်းလာခြင်းကြောင့် ၃ တင်းတစ်အိတ် ၁၀၃၀၀၀၀ ကျပ်သို့ ဈေးများစွာမြင့်သွားသည်။ ပဲကြီး(ကြီး)မှာ အသစ်ဝင်ရောက်ခြင်း၊ ပဲကြော်/လှော်သမား ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၃ တင်းတစ် အိတ်၅၈၀၀၀၀ ကျပ်ဖြင့်လည်းကောင်း ပဲကြီး(သေး)မှာလည်း အသစ်ဝင်ရောက်ပြီး လက်လီသမားအဝယ်နည်း ခြင်းကြောင့် တစ်အိတ် ၄၅၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ(ကြီး)မှာ အသစ်အဝင်နည်းပြီး အဟောင်းလက်ကျန်များသာ လုပ်ငန်းသမားပုံမှန်ဝယ်ယူခြင်းကြောင့် တစ်အိတ် ၂၅၀၀၀၀ကျပ်မှ ၂၆၀၀၀၀ကျပ် သို့ ဈေးမြင့်သွားပြီး ထောပတ်ပဲ(သေး)မှာ အသစ်ဝင်ရောက်မှုရှိပြီး အရည်အသွေးကောင်းခြင်း၊ လက်လီသမား အဝယ်များခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၁၅၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ ပဲလွန်းဖြူ/ပြာမှာ အသစ်များ စတင်ဝင်ရောက်သော်လည်း အဝင်နည်းသေးခြင်း၊ အရောင်းအဝယ်အေး ခြင်းကြောင့် ပဲလွန်းဖြူ ၃ တင်းတစ်အိတ် ၂၆၀၀၀၀ကျပ်၊ ပဲလွန်းပြာ ၁၉၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

စာ-၁၅ သို့



ကြေးမုံငယ်

# ရှားစောင်းလက်ဝါး

## သဘာဝကပေးအစာနှင့်ဆေး

ရှားစောင်းလက်ဝါးပင်ကို ကျားလျှာ၊ ဘီလူးလက်ဝါး၊ နဂါးပါးပျဉ်း၊ ကုလားဖောဟု လူသိများပြီး အင်္ဂလိပ် အမည်မှာ Erect Prickly Pear ဟု ခေါ်ဆိုကြသကဲ့သို့ Common Prickly Pear, Pipestem Prickly Pear, Australian Pest Pear နှင့် Sweet Prickly Pear ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Opuntia dillenii ဟု ခေါ်ဆိုပြီး မျိုးရင်း Cactaceae တွင် ပါဝင်၏။

ရှားစောင်းလက်ဝါးပင်သည် အမေရိကတိုက်၏ ကမ်းရိုးတန်း၊ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသတို့တွင် မူရင်း စတင်ဖြစ်ထွန်းပြီး အထူးသဖြင့် အမေရိကန်ပြည်ထောင်စု အရှေ့တောင်ပိုင်း၊ မက္ကဆီကိုနှင့် ကာရစ်ဘီယံမှ တောင်အမေရိက မြောက်ပိုင်းအထိ သဘာဝအလျောက် ပေါက်ရောက်၏။ အထူးသဖြင့် မြေထဲပင်လယ်ဒေသများ၊ အာဖရိက၊ အိန္ဒိယနှင့် ဩစတြေးလျတို့တွင် ကျယ်ကျယ်ပြန့်ပြန့် သဘာဝအတိုင်း ပေါက်ရောက်၏။ အမေရိကတိုက်တွင် မူလအစ ဖြစ်ထွန်းခဲ့သော်လည်း နောက်ပိုင်းတွင် ဤမျိုးစိတ်ကို ကမ္ဘာတစ်ဝန်းသို့ မိတ်ဆက်ခဲ့ပြီး ခြောက်သွေ့သောနှင့် ခြောက်သွေ့လျော့သော ရာသီဥတုရှိသည့်ဒေသများတွင် ကျူးကျော်မျိုးစိတ် တစ်ခုအဖြစ် မကြာခဏ ကြီးထွား ပေါက်ရောက်ပြီး တိရစ္ဆာန်များက ၎င်း၏ အသီးများကို စားသုံးခြင်းဖြင့် ပျံ့ပွားလာခဲ့၏။ ဤအပင်ကို အစားအစာနှင့် ခြံစည်းရိုးအပင်အဖြစ်သာမက ဆေးဖက်ဝင်သောဂုဏ်သတ္တိများကြောင့် ရှေးယခင်ကတည်းက ရေကြောင်းကုန်သည်များက ကမ္ဘာအနှံ့သို့ သယ်ယူစိုက်ပျိုးခဲ့ကြ၏။ မြန်မာနိုင်ငံတွင်လည်း ရှားစောင်းလက်ဝါးပင်ကို ခြောက်သွေ့သော အပူပိုင်းဒေသများတွင် အလေ့ကျပေါက်ရောက်တတ်သလို၊ စနစ်တကျစိုက်ပျိုးထားကြသည်ကို တွေ့ရှိနိုင်၏။

ရှားစောင်းလက်ဝါးပင်သည် ချုံနွယ်ပင်မျိုးဖြစ်ပြီး အခက်အလက်တို့သည်အပင်ရင်းမှထွက်၏။ အရှည်မှာ ၃ ပေခန့်ရှိပြီး ပန်းပွင့်များမှာ အဝါရောင်ဖြစ်၏။ အသီးမှာ ပန်းရောင်ဖြစ်ပြီး ရင့်မှည့်သောအခါ အနီရင့်ရောင် (သို့မဟုတ်) ခရမ်းရောင် ဖြစ်သွား၏။

ရှားစောင်းလက်ဝါးပင်၏ အခက်အလက်များတွင် အာဟာရဓာတ်ကြွယ်ဝစွာပါဝင်ပြီး ပိုလီဖီနောလ်၊ ကယ်ရိုတီနွိုက်နှင့် ဗီတာမင်စီနှင့် အီးတို့ အပါအဝင် ဇီဝတက်ကြွဒြပ်ပေါင်းများလည်း ကြွယ်ဝစွာ ပါဝင်၏။ ယင်းအပင်၏ အဖုများ (cladodes) တွင် အစာချေဖျက်နိုင်သော အမျှင်ဓာတ်၊ အစိုဓာတ်နှင့် ချွဲကျိုပြီး ဂျယ်လီကဲ့သို့သော အသားလွှာ ပါဝင်မြင့်မားပြီး အစေ့များတွင် ပျော်ဝင်နိုင်ခြင်းမရှိသော ဖက်တီးအက်စစ် unsaturated fatty acids (linoleic acid) ကြွယ်ဝ၏။ ၎င်းတွင် ဆီးချိုရောဂါကို တိုက်ဖျက်နိုင်သော ဂုဏ်သတ္တိနှင့် ဓာတ်တိုးဆန့်ကျင်နိုင်ခြင်း ဂုဏ်သတ္တိများ ပါဝင်၏။ လတ်ဆတ်သော ရှားစောင်းလက်ဝါးအခက်အလက် ၁၀၀ ဂရမ်တွင် အစာစွမ်းအင် ၄၁ ကယ်လိုရီခန့်၊ အစိုဓာတ်ပါဝင်မှု ၈၀ မှ ၉၅ ရာခိုင်နှုန်း၊ ပရိုတင်း သုည ဒသမ ၇ ဂရမ်၊ ခြောက်သွေ့သော အရာဝတ္ထု ၁၂ ဒသမ ၂ ရာခိုင်နှုန်းတို့ ပါဝင်၏။ အသီး ၁၀၀ ဂရမ်တွင် ဂလူးကို့စ် ၇ ဒသမ ၈ ဂရမ်၊ အဆီ သုည ဒသမ ၅ ဂရမ် (အနှစ်တွင်ပါဝင်မှုနည်းပြီး အစေ့တွင် ပိုများ၏)၊ အစာချေဖျက်နိုင်သော အမျှင်ဓာတ်၊ ပြာဓာတ်တို့ ပါဝင်၏။ အဓိက အာဟာရဓာတ်များအနေဖြင့် ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ ကြွယ်ဝစွာပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် မဂ္ဂနီဆီယမ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်နှင့် သံဓာတ်တို့ မြင့်မားစွာပါဝင်၏။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအနေဖြင့် ဖီနောလ်ဒြပ်ပေါင်း၊ ဖလေဗာနွိုက်နှင့် ဘီတာ လိန်းတို့ ကြွယ်ဝစွာ ပါဝင်၏။ အစေ့တွင် အာဟာရဓာတ်များ ပြည့်နှက်နေပြီး အမျှင်ဓာတ်၊ လီနိုလီအက်ဆစ်နှင့်အတူ အစေ့တွင်အဆီဓာတ်လည်း ကြွယ်ဝစွာပါဝင်၏။

အာယုဗေဒဆေးပညာရပ်အရ ရှားစောင်းလက်ဝါးပင်၏ အတွင်းသား ဂျယ်လီ၊ ပန်းပွင့်နှင့် အသီး၏ အနှစ်များကို ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ ခန္ဓာကိုယ်ကို အေးမြစေရန်နှင့် ဆီးချိုရောဂါများကို ကုသရာတွင် အသုံးပြုကြ၏။

- ရှားစောင်းလက်ဝါးပင်သည် ဆီးချိုရောဂါကို ဆန့်ကျင်နိုင်စွမ်းနှင့် သွေးတွင်းသကြားဓာတ် ပမာဏကို လျှော့ချနိုင် စွမ်းရှိ၏။
- ရှားစောင်းလက်ဝါးပင်၏အတွင်းသားဂျယ်ပါဝင်မှု မြင့်မားခြင်းကြောင့် ကိုယ်လက်ရောင်ရမ်းမှု၊ အပေါ်ယံနာကျင် ရောင်ရမ်းမှုနှင့် ဒဏ်ရာများအတွက် အပေါ်ယံအုံဆေးအဖြစ် အသုံးပြုကြ၏။
- ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဝမ်းကိုက်ခြင်း၊ ဝမ်းချုပ်ခြင်းနှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများအတွက်လည်း ရှားစောင်းလက်ဝါး အခက်အလက်များကို ဆေးအဖြစ် အသုံးပြုကြ၏။
- ရှားစောင်းလက်ဝါးပင်သည် အေးမြသောဂုဏ်သတ္တိများအတွက် လူသိများပြီး ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးလမ်းကြောင်း ဆိုင်ရာ ပြဿနာများအတွက် ဆေးအဖြစ် မကြာခဏ အသုံးပြုလေ့ရှိကြ၏။
- ပန်းပွင့်ပြုတ်ရည်များကို ရိုးရာတိုင်းရင်းဆေးပညာရပ်အရ လေပွန်ရောင်ခြင်း၊ ပန်းနာရင်ကျပ်နှင့် ကြက်ညှာ ချောင်းဆိုးရောဂါများအတွက် အသုံးပြုကြ၏။
- ပန်းပွင့်ကို အခြောက်ခံပြီး ရေနွေးကြမ်းပြုလုပ်သောက်သုံးကြပြီး သွေးယိုခြင်းနှင့် ဝမ်းလျှောခြင်းမှ သက်သာစေရန် အသုံးပြုကြ၏။
- အသီးများကို ရေငတ်ပြေစေရန်နှင့် အစွမ်းထက်သော ဓာတ်တိုးဆန့်ကျင်နိုင်သောဂုဏ်သတ္တိများ ပေးစွမ်းရန် အသီး အတိုင်း သို့မဟုတ် ဖျော်ရည်အဖြစ် ပြုလုပ်သောက်သုံးကြ၏။ ရိုးရာဆေးပညာရပ်အရ အသီးကို အသည်းမှ အဆိပ်အတောက်များ ဖယ်ရှားပေးနိုင်ခြင်း၊ အရက်နာကျခြင်းကို သက်သာစေနိုင်ရန်အတွက် အသုံးပြုကြ၏။

ရှားစောင်းလက်ဝါးပင်၏ အခက်အလက်များနှင့် အဖူးငယ်ကို စားသုံးနိုင်သော်လည်း အဆူးများကို ဂရုတစိုက်ဖယ်ရှားပြီးမှသာ ပြင်ဆင်ချက်ပြုတ်စားသုံးသင့်၏။ အဆူးများကို အချို့က မီးမြှိုက်ပြီး ဓားနှင့်ခြစ်ထုတ်ပစ်ကြ၏။ ပြီးလျှင် ၎င်းတို့၏ သဘာဝဖြစ်သည့် ချွဲကျိုကျိုထွက်လာသော အရည်များကို ဖယ်ရှားရန် အခွံများ



ကို သေချာစွာ ဆေးကြောပြုပြင်ပေးနိုင်၏။
- ရှားစောင်းလက်ဝါးအခက်အလက်များကို လှီးဖြတ်ပြီး ကြက်သွန်ဖြူ ဓားပြားရိုက်နှင့် ဆီသတ်ကာ ကြော်ချက် ချက်စားနိုင်၏။
- ရှားစောင်းလက်ဝါးအခက်အလက်များကို မထူမပါးလှီးပြီးလျှင် ကြက်သွန်ဖြူ/နီ၊ ငရုတ်သီးထောင်းပြီး နှစ်သက်ရာ ပုစွန်/ ပုစွန်ခြောက်/ ကြက်သား / အမဲသား တို့ နှင့် ဆီပြန်ဟင်းလည်း ချက်စားနိုင်၏။

စာ-၁၅ သို့



ကျောဖုံးမှ-

**(ခ) ဖော့စဖရပ် (P) ဓာတ်ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် ဖော့စဖရပ်ချို့တဲ့ပါက တစ်ပင်လုံးအစိမ်းရင့်ရောင်ရှိနေပြီး အရွက်များခွက်၍ ပင်စည်မှာ ခရမ်းရောင်သန်း နေပါသည်။ ခရမ်းရောင်ပြောင်းခြင်းကို အောက်အရွက်များမှ အပေါ်အရွက်များအထိ တွေ့ရနိုင်ပါသည်။ အပင်ပု၍ ပင်စည်သေးသွယ်ပြီး ဆစ်ကြားတို တတ်ပါသည်။ သီးတောင့်အရွယ်အစားနှင့် အရေအတွက်လျော့နည်းပြီး သီးတောင့်ပါ အစေ့ အရေအတွက်လည်း လျော့နည်းနိုင်ပါသည်။ ဖော့ဖရပ်ဓာတ်ချို့တဲ့ပါက ရွက်ဖျန်း အနေဖြင့် ရေ ၁ လီတာတွင် ဒိုင်အမိုနီယမ် ဖော့စဖိတ် ၂၀ ဂရမ် (၂ ရာခိုင်နှုန်း) နှုန်းဖြင့် ဖျန်းပေးနိုင်ပါသည်။

**(ဂ) ပိုတက်စီယမ်(K) ဓာတ် ချို့တဲ့ခြင်း**

ပိုတက်စီယမ်ချို့တဲ့ပါကအရွက်ရင့်များ၏ အရွက်ထိပ်နှင့် ရွက်နားများမှစ၍ အဝါရောင် ပြောင်းပြီး ရွက်ကြောများ ကြားအထိ ပျံ့နှံ့သွားပါသည်။ ချို့တဲ့မှုပြင်းထန်ပါက အရွက်နား များခြောက်၍ မီးလောင်ထားသကဲ့သို့ အပေါ်ဘက်သို့ လိပ်တက်ကာ အချိန်မတိုင်မီ အရွက် ရင့်များ ခြောက်သေသွားနိုင်ပါသည်။ အပင်ပု၍ ဆစ်ကြားတိုတတ်ပါသည်။ ကိုင်းအရေအတွက် နည်းပြီး အပင်ကြီးထွားမှု အားနည်းသွားပါသည်။ ပိုတက်စီယမ်ချို့တဲ့ပါက ရွက်ဖျန်းအနေဖြင့် ရေ ၁ လီတာတွင် ပိုတက် မြေဩဇာ ၁၀ ဂရမ် (၁ ရာခိုင်နှုန်း)နှုန်းဖြင့် ဖျန်းပေးနိုင်ပါသည်။

**(ဃ) ကယ်စီယမ် (Ca) ဓာတ် ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် ကယ်စီယမ်ချို့တဲ့ပါက အရွက်နုများ အစိမ်းဖျော့ရောင်ပြောင်းပြီး အရွက်မှာ များ၏ ရွက်ကြောကြားတွင် နီညိုရောင် ဆဲလ်သေနာကွက်များဖြစ်လာပါသည်။ ရွက်ကြော ကြားများတွင် အဖုအထစ်ပုံစံများ တွေ့ရနိုင်သည်။ ထိပ်ဖူးများညိုး၍ သေသွားနိုင်ပါသည်။ ကယ်လ်စီယမ်ချို့တဲ့ပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာလျှင် ကယ်စီယမ် ဆာလဖိတ် ၁၀ ဂရမ် (၁ ရာခိုင်နှုန်း) အား နှစ်ပတ် တစ်ကြိမ်ဖျန်းပေးသင့်ပါသည်

**(င) ဆာလဖာ (S) ဓာတ် ချို့တဲ့ခြင်း**

ဆာလ်ဖာချို့တဲ့ပါက အရွက်နုများ အစိမ်းဖျော့ရောင်မှ အဝါဖျော့ရောင်သို့ ပြောင်းနေပြီး ရောင်မညီကွက်ကြားများ တွေ့ရပါသည်။ အပေါ်ပိုင်းအရွက်များတွင် ချို့တဲ့မှုလက္ခဏာစတင်ပြပြီး တဖြည်းဖြည်းတစ်ပင်လုံး အဝါရောင်သို့ ပြောင်းသွားပါသည်။

**(စ) ဘိုရွန် (B) ဓာတ်ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် ဘိုရွန်(B)ချို့တဲ့သည့် ပဲပင်များသည် ပုံမှန်အပင်များထက် အစိမ်းရောင် ရင့်နေပြီး ရွက်မှာ များထူ၍ အောက်သို့ ငိုက်ကျနေပြီး အလွယ်တကူကြွေကျတတ်ပါသည်။ ချို့တဲ့မှု အဓိကလက္ခဏာမှာ ထိပ်ပိုင်းကြီးထွားမှု အစိတ်အပိုင်းများ ညိုး၍ အနက်ရောင် ပြောင်းကာ သေဆုံးသွားခြင်းကြောင့် အပင်ပုသွားတတ်ပါသည်။ ထိပ်ဖျားပိုင်း သေဆုံးမှုကြောင့် ထွက်ရှိလာသော ဘေးအညွန့်များ၏ ရိုးတံများ ကြွပ်ဆတ်နေတတ်ပါသည်။ ချို့တဲ့မှုဆက်၍ ဖြစ်နေပါက အရွက်နုများ၏အနားများ အတွင်းဘက်သို့ လိပ် သွားတတ်ပါသည်။ ဘိုရွန်ချို့တဲ့ ပါက အပင်၏ ထိပ်ပိုင်း ဆဲလ်ပွားများမှုနည်းခြင်း၊ ပရိတင်းတည်ဆောက်မှု နှေးကွေးစေခြင်း၊ အပွင့်အသီးကြွေခြင်းနှင့် ပန်းပွင့်၏ ဝတ်မှုန်များရှင်သန်မှုကာလ တိုလာခြင်းတို့ ဖြစ်ပေါ် ပါသည်။ ဘိုရွန်ဓာတ်ချို့တဲ့ပါက ရွက်ဖျန်းအဖြစ် ရေ ၁ လီတာတွင် ဘိုရက်စ် (၂-၅)ဂရမ် (၀.၂-၀.၅ ရာခိုင်နှုန်း) ထည့်ဖျော်၍ ဖျန်းပေးနိုင်ပါသည်။

**ပဲမျိုးစုံစိုက်ပျိုးရေးတွင် နိုက်ထရိုဂျင်နှင့် ဘိုရွန်တို့၏ အရေးပါမှု**

ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ် စသည့် ပဲမျိုးစုံသီးနှံတို့သည် ပန်းပွင့်ချိန်၌ အစေ့များ ပြည့်ဖြိုး စေရန်နှင့် အစေ့တွင် ပရိုတိန်းဓာတ် ဖြည့်တင်းပေးရန်အတွက် နိုက်ထရိုဂျင်ဓာတ် အလိုအပ်ဆုံး အချိန်ဖြစ်ပါသည်။ ဘိုရွန်ဓာတ်သည်လည်း ပန်းပွင့်များကြွေကျခြင်းအား ကာကွယ်ရန်၊ ပန်းပွင့်၏ ဝတ်မှုန်ပြွန်ကောင်းစွာရှည်ထွက်ပြီး မျိုးအောင်မှု အားကောင်းစေရန်နှင့် အပင်အတွင်း နိုက်ထရိုဂျင်ဓာတ်၏ ဇီဝကမ္မဆိုင်ရာလုပ်ငန်းများကို အထောက်အကူပေးနိုင်ရန်အတွက် ပန်းပွင့်ချိန်၌ အထူးလိုအပ်ပါသည်။

ထို့ကြောင့် ယူရီးယားနှင့် ဘိုရွန်(လက်ချား)အား ပဲသီးနှံတွင် ပန်းစပွင့်ချိန်နှင့် သီးကင်းဝင် ချိန်တွင် ရေ ၁ ဂါလံလျှင် ယူရီးယား ဟင်းစားဇွန်း ၄ ဇွန်းနှင့် လက်ချားမှုန့် ဟင်းစားဇွန်း ၁ ဇွန်း ပျော်အောင် ဖျော်၍ တစ်ဧကလျှင် ရေ ၄ ဂါလံဝင် ဆေးဖျန်းပုံး (၅-၆)ပုံးစီ ဖျော်၍ နံနက်စော၊ ညနေစောင်းနှင့် နေအေးသော အချိန်တွင် ဖျန်းပက်ရပါမည်။ တစ်ဧကလျှင် ၁ ကြိမ် ဖျန်းရန်အတွက် ယူရီးယား ၁ ပြည် (၄ ပေါင်) ခန့်နှင့် လက်ချား (၂၀ ကျပ်သား) သုညဒသမ ၅ ပေါင် လို ပါသည်။ ပဲမျိုးစုံသီးနှံများတွင် ယူရီးယားနှင့် ဘိုရွန်အသုံးပြုခြင်းအားဖြင့် ကုလားပဲသီးနှံတွင် ၂၀ ရာခိုင်နှုန်း၊ ပဲတီစိမ်းသီးနှံတွင် -၂၅ ရာခိုင်နှုန်း၊ မတ်ပဲသီးနှံတွင် - ၃၀ ရာခိုင်နှုန်း နှင့် ပဲပုပ်သီးနှံတို့တွင်- ၄၀ ရာခိုင်နှုန်း အထွက်ပိုမိုထွက်ရှိနိုင်ပါသည်။ ထို့ကြောင့် ပဲမျိုးစုံသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိ ရေးအတွက် အပင်အာဟာရဓာတ်များလိုအပ်မှုအခြေ အနေကိုသုံးသပ်၍ ထည့်သွင်းနိုင်ခြင်းဖြင့် မျှော်မှန်းအထွက်နှုန်းများကို ထွက်ရှိနိုင်ပါကြောင်း နှိုးဆော် တိုက်တွန်းအပ်ပါသည်။

မြင့်မြင့်ထွန်း(စိုက်ပျိုးရေးဦးစီးဌာန)

**ဆာလဖာ (S) ဓာတ်ချို့တဲ့မှုလက္ခဏာများ**



ဆာလဖာချို့တဲ့၍ အရွက်နုအဝါရောင်ပြောင်းနေခြင်း

**ဘိုရွန် (B) ဓာတ်ချို့တဲ့မှု လက္ခဏာများ**



ထိပ်ဖူးများညိုး၍ သေဆုံးခြင်း

ဘိုရွန်ချို့တဲ့နေသော ပဲပင်များ

---

စာ-၁၄ မှ

- မီးပေါ်တွင် သို့မဟုတ် အကင်ဒယ်အိုးပေါ်တွင် နူးအိပြီး အနည်းငယ်ကပ်သွားသည်အထိ ကင်ပါ။ ဆား၊ အရသာမှုန့် အနည်း ငယ်ထည့်ပြီး အဆင်သင့် စားသုံးနိုင်၏။
- အချို့ကလည်း ရှားစောင်းလက်ဝါး အခက်အလက် အစိမ်းကို ပါးပါးလှီးပြီး အသုပ်သုပ်စားတတ်ကြ၏။ အချို့ကလည်း တာရှည်စားသုံးနိုင်အောင်အချဉ်တည်ထားတတ်ကြ၏။
- အသီးကို စားသုံးရန် ပြင်ဆင်သည့်အခါ အသီး၏ ထိပ်ပိုင်းနှစ်ဖက်စလုံးကို ဖြတ်ပြီး ဘေးတွင် ဒေါင်လိုက်လှီးပါ။ ဆူးများကို ဂရုတစိုက်ဖယ်ရှားပြီး ထူထဲသော အပြင်ဘက်အခွံကို ခွာကာ အတွင်းသားအသီးကို စားသုံးနိုင်၏။ အသီး အရသာမှာ နဂါး မောက်သီးနှင့် ဖရဲသီးကဲ့သို့ ခပ်ဆင်ဆင်ရှိပြီး အစေ့များမှာ အနည်းငယ်ကြွမ်းတမ်း၏။
- အသီးကို ဖျော်ရည်၊ ယို၊ ဂျယ်လီစသဖြင့် မျိုးစုံပြုလုပ်စားသုံးနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ရှားစောင်းလက်ဝါးပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုး ကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်






# ပဲမျိုးစုံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အပင်အာဟာရဓာတ်ချို့တဲ့မှု လက္ခဏာများ

မြင့်မြင့်ထွန်း ( စိုက်ပျိုးရေးဦးစီးဌာန )

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် လိုအပ်သော အဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ဝါကြံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးတို့အား ပန်းတိုင် အထွက်နှုန်းများသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပန်းတိုင်သီးနှံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ သီးနှံများပါဝင်သည့် ပဲမျိုးစုံအား ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၁၀၉၈၉၆၄၄ ဧက စိုက်ပျိုးမှုတွင် ပဲမျိုးစုံ ၄၀ ကျော် အား စိုက်ပျိုးလျက်ရှိပါသည်။

ပဲမျိုးစုံ စိုက်ပျိုးဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိလာစေရန် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေဆီလွှာကျန်းမာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေနှင့် အစိုဓာတ်ကောင်းစွာရရှိနိုင်ရေးနှင့် အခြား သီးနှံအထွက်တိုးရေးဆိုင်ရာ နည်းစနစ်များဖြစ်ပါသည်။ ထို့ကြောင့် ပဲမျိုးစုံအထွက် တိုးရေးအတွက် ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရှာဖွေသုံးစွဲခြင်း၊ စိုက်ပျိုးရာသီချိန်မှန်အောင်စိုက်ပျိုးနိုင်ခြင်းနှင့် အစိုဓာတ်မိအောင်စိုက်ပျိုးခြင်း၊ အပင်အာဟာရဓာတ်များအား လိုအပ်ချိန်တွင် ထည့်သွင်းပေးနိုင်အောင် ဆောင်ရွက်ခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါများကို စနစ်တကျ နှိမ်နင်းခြင်း၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းအောင် စနစ်တကျ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကွက်ရရှိစေရန် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ပဲမျိုးစုံသီးနှံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ)အား မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးရေဖြင့် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတို့တွင် သီးသန့်သော်လည်းကောင်း သီးညှပ်အဖြစ်လည်းကောင်း စိုက်ပျိုးကြပြီး မြန်မာပြည် အောက်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စပါးသီးနှံ စိုက်ပျိုးပြီးနောက် သီးထပ်အဖြစ် စိုက်ပျိုးလေ့ရှိပါသည်။ ပဲမျိုးစုံသီးနှံအားစိုက်ပျိုးမည်ဆိုပါက မစိုက်ပျိုးမီ အပင်ပေါက်ရာခိုင်နှုန်း ကောင်း/ မကောင်း စမ်းသပ်ပြီးမှသာ စိုက်ပျိုးသင့်ပါသည်။

ပဲမျိုးစုံသီးနှံသည် ရေဝပ်ဒဏ်ခံနိုင်ရည်မရှိသော်လည်း ရေစီးရေလာကောင်းမွန်သည့် မြေအမျိုးအစားမျိုးစုံတွင် စိုက်ပျိုးနိုင်ပါသည်။ ပဲမျိုးစုံဖြစ်ထွန်းနိုင်သည့် မြေများမှာ စနယ် မြေစေး၊ နုန်းသမမြေ၊ သဲမြေ၊ သဲနုန်းမြေ၊ မြေနက်စေးနှင့် မြေနီစေးတို့တွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ မြေချဉ်ငံကိန်းမှာ pH ၅.၅ - ၇ ဒသမ ၂ အတွင်းဖြစ်ပြီး မြေချဉ်ငန်ကိန်း ၅ ဒသမ ၅ အောက် လျော့နည်းသွားပါက အပင်ကောင်းစွာမဖြစ် ထွန်းပါ။

ပဲမျိုးစုံ စိုက်ပျိုးရာတွင် အပင်ဖြစ်ထွန်းမှုကောင်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန် အတွက် မြေဆီလွှာကျန်းမာရေးကောင်းမွန်သော မြေဖြစ်ရပါမည်။ ပဲသီးနှံစိုက်ပျိုးသောတောင် သူများအနေဖြင့် ကျန်းမာသန်စွမ်းသော မြေဆီလွှာဆိုတာဘာလဲ? သိရှိရန် လိုအပ်ပါသည်။ ကျန်းမာသန်စွမ်းသော မြေဆီလွှာဆိုသည်မှာ ပြုပြင်ထွန်ယက်ရန် လွယ်ကူပြီး ရေသွင်းရေထုတ် ကောင်းမွန်ခြင်း၊ လုံလောက်သောမြေဆီလွှာအနက်ရှိ၍ အပင်အာဟာရဓာတ်များ လုံလောက်စွာ ရရှိစေခြင်း၊ အကျိုးပြုသက်ရှိများ များပြားစွာရှိနေပြီး သီးနှံပင်များကို ရောဂါ ဖြစ်စေတတ်သည့် ပိုးမွှားရောဂါများ နည်းပါးခြင်း၊ ပေါင်းမြက်ပြဿနာ နည်းပါးဖြင်းနှင့် အဆိပ်အတောက်ဖြစ်စေသည့် ဒြပ်စင်များမရှိဘဲ မြေဆီလွှာပျက်စီးမှုနည်းပါးသောမြေကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျန်းမာသန်စွမ်းသော မြေဆီလွှာဆိုသည်မှာ မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ အားဖြင့် မြေသားဖွဲ့စည်းတည်ဆောက်ပုံ၊ လေဝင်လေထွက်ကောင်းမွန်မှု၊ မြေသားမွရှမှု၊ မြေဆီ လွှာ၏ ရေထိန်းစွမ်းအားကောင်းမွန်မှု၊ ဇီဝပိုင်းဆိုင်ရာဖြင့် မြေဆီလွှာအတွင်း အကျိုးပြု သက်ရှိများ အဏုဇီဝပိုးများကြွယ်ဝနေမှုနှင့် ဓါတုပိုင်းဆိုင် အပင်ကြီးဖွံ့ဖြိုးမှု၊ သီးပွင့်မှု ကောင်းမွန်စေရန်အတွက် အပင်အာဟာရများကြွယ်ဝနေသော အခြေအနေကို ခေါ်ဆိုရမည် ဖြစ်ပါသည်။

ထို့ကြောင့် ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးနေသောမြေသည် ကျန်းမာရေးကောင်းမွန်သော မြေဆီလွှာဖြစ်ရန် အတွက် ကနဦးလုပ်ငန်းသည် မိမိတို့စိုက်ပျိုး မြေအား မျက်မြင်အားဖြင့် မြေဆီလွှာအခြေအနေကောင်းမွန်မှုရှိ/မရှိကို ကြည့်ရှု စစ်ဆေးရန် ဖြစ်ပါသည်။ ထို့နောက် မိမိတို့စိုက်ပျိုးမြေဆီလွှာ၏ အပင်အာဟာရဓာတ်များ ပါဝင်မှုအခြေ အနေကို သိရှိပြီး လိုအပ်သလိုပြုပြင်မှုများ စီမံခန့်ခွဲမှုများ လုပ်ဆောင်ရန်အတွက် မြေနမူနာ ယူပြီး မြေအသုံးချရေးဌာနခွဲ၏ ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးသင့်ပါသည်။ သို့မှသာ မိမိစိုက် ပျိုးမြေ၏ အခြေအနေကို သိရှိပြီး ပြုပြင်ရမည့်နည်းလမ်းများ၊ အပင်အာဟာရများ ထည့်သွင်း ခြင်းလုပ်ငန်းများကို သိရှိဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သီးနှံပင်များကြီးထွားရန်အတွက် လိုအပ်သော အပင်အာဟာရဓာတ် ၁၈ မျိုးရှိပါသည်။ ၎င်းတို့မှာ ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်၊ ကယ် လစီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလဖာ၊ အိုင်းယွင်း၊ ဇင့်၊ ဆိုဒီယမ်၊ ကလိုရင်း၊ ကော့ပါး၊ ဘိုရွန်၊ မန်းဂနိ၊ မိုလစ်ဒီနမ်နှင့် စီလီကွန်တို့ ဖြစ်ပါသည်။ ထို့ကြောင့် ပဲစိုက်တောင်သူများအနေဖြင့် ပဲသီးနှံ စိုက်ပျိုးရာတွင် တွေ့ရှိနိုင်သော အပင်အာဟာရဓာတ်ချို့တဲ့မှု လက္ခဏာများကိုလည်း သိရှိရန် အရေးကြီးပါသည်။ သို့မှသာ ပဲသီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အပင်အာဟာရဖြည့် တင်းရေးကို လုပ်ဆောင်နိုင်မှာဖြစ်ပါ သည်။ ပဲသီးနှံအတွက် လိုအပ်သော အပင်အဟာရဓာတ်များထဲမှ အရေးကြီးသောအပင်အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများကို ဦးစားပေးဖော်ပြသွားပါမည်။

## (က) နိုက်ထရိုဂျင်(N)ဓာတ် ချို့တဲ့ခြင်း

ပဲမျိုးစုံတွင် နိုက်ထရိုဂျင်ချို့တဲ့ပါက အရွက်ရင့်များ အစိမ်းဖျော့အဝါရောင်ပြောင်းသွားပြီး အပင်ကြီးထွားမှု ရပ်တန့်ပြီး ပင်စည်သေးသွယ်၍ ရှည်လျားပါသည်။ ပန်းပွင့်နှင့် ကိုင်း အရေ အတွက် လျော့နည်းပြီး သီးတောင့်နှင့် အစေ့အဆံ ဖြစ်ပေါ်မှု နည်းပါးပါသည်။ နိုက်ထရိုဂျင်ချို့တဲ့ပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေ ၁ လီတာလျှင် ဒိုင်အမိုနီယမ်ဖော့စဖိတ် ၂၀ ဂရမ် ၂ ရာခိုင်နှုန်းဖြင့် တစ်ပတ် တစ်ကြိမ် ဖျန်းပေးသင့်ပါသည်။

စာ-၁၅ သို့